ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 23 February 2024 ၁၁၃၈၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သံလွင်တံတားသစ်(တာကော်)တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ သံလွင်တံတားသစ်(တာကော်)တည်ဆောက်မှု ၈၄ ရာခိုင်နှုန်းပြီးစီး

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ်၌ သံလွင်တံတားသစ်(တာကော်)တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်မှု ၈၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သံလွင်မြစ်ကိုဖြတ်သန်း၍ ယခင်မူလတံတားအရှည် ပေ ၇၈၀ ရှိသော သံလွင်တံတားဟောင်း(တာကော်)နှင့် ပေ ၇၀ အကွာတွင် တည်ဆောက်နေသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိသော တံတားအမှတ်(၅/၂၈၂) သံလွင်တံတားသစ်(တာကော်)အား တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊

စာမျက်နှာ ၃ ကော်လံ ၁ သို့

## ယနေ့ ဖတ်စရာ

**ပြည်သူတွေကိုယ်တိုင် မိမိတို့ရပ်ရွာဒေသကို စောင့်ရှောက်နိုင်ဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းရတာဖြစ်ပါတယ်။ စစ်ရေးတစ်ခုတည်းကို ရည်မှန်းဆောင်ရွက်တာမဟုတ်ဘဲ နိုင်ငံလုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်ကို တပ်မတော်နဲ့ ပြည်သူ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ဖို့ဖြစ်**

ဆောင်းပါး စာမျက်နှာ » ၆

---

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့် ပတ်သက်သောသတင်းကြေညာ**

စာမျက်နှာ » ၉

---

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၀

---

**အခက်အခဲများ၊ ဖိအားများ၊ စိန်ခေါ်မှုများစွာနဲ့ အဘက်ဘက်မှာ အားနည်းချက်တွေရှိနေပေမယ့် ယနေ့ခေတ်မှာ သမိုင်းကြောင်းကောင်းအောင်၊ သမိုင်းကောင်းရေးခွင့်ရသူတွေ နိုင်ငံမှာအများကြီး ရှိနေပါတယ်။ စိတ်ပျက်အားလျှော့စရာမရှိသလို နောက်ကျခြင်းလည်း မရှိပါဘူး။ အထူးသဖြင့် လူငယ်တွေပါ၊ နောင်တတွေ၊ သင်ခန်းစာတွေကို အကျိုးရှိအောင် အသုံးချတတ်ရင် အသုံးတည့်ပါတယ်**

ဆောင်းပါး စာမျက်နှာ » ၁၁




ကြေးမုံ

# ရောဂါကာကွယ်၍ ကျန်းမာသောဘဝပိုင်ဆိုင်

ကမ္ဘာ့ကျန်းမာရေးသမိုင်းတွင် ကြောက်မက်ဖွယ်ကောင်းသော ကိုဗစ်-၁၉ ရောဂါ လျင်မြန်စွာကူးစက်ဖြစ်ပွားခဲ့သည်မှာ လေးနှစ်ကျော်ကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ကိုဗစ်-၁၉ တတိယလှိုင်းတွင် ဆိုးရွားပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ပြည်သူအများစု၏ အသက်ခန္ဓာ၊ ကျန်းမာရေးတို့သာမက လူမှုစီးပွားကဏ္ဍအပေါ်တွင် အကြီးအကျယ် သက်ရောက်မှုများရှိခဲ့သည်။ ယနေ့ကာလတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိတော့သော်လည်း ကိုဗစ်-၁၉ ရောဂါ မျိုးကွဲများရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ်မှ ပြီးခဲ့သည့် ဇန်နဝါရီလ ၁၄ ရက်နေ့အထိ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၇၇၄ သန်းကျော်နှင့် သေဆုံးသူလူဦးရေ ခုနစ်သန်းကျော်ရှိသည်ဟု အတည်ပြုထားသည်။ ပြီးခဲ့သည့် ဇန်နဝါရီလ၏ လစဉ်အစီရင်ခံစာအရ တစ်လအတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ တစ်သန်းကျော်ရှိပြီး သေဆုံးသူ ၈၇၀၀ ရှိသည်ဟု သိရှိခဲ့ရာ အဆိုပါကူးစက်ရောဂါနှင့်ပတ်သက်၍ လက်ရှိတွင် စိုးရိမ်ဖွယ်ရာမရှိသော်လည်း ဆက်လက်သတိပြုကာကွယ်နေထိုင်ကြရန် လိုအပ်သည်ကို သတိမူမိကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါမျိုးကွဲများနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိတော့သဖြင့် အများပြည်သူတို့က ပုံမှန်နေမြဲအတိုင်းသာ နေထိုင်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါရောဂါမှာ လုံးဝကင်းစင်သွားခြင်းမရှိသေးဘဲ ရောဂါမျိုးကွဲဖြစ်ပွားမှုများကို ကမ္ဘာတစ်ဝန်းတွင်သာမက မြန်မာနိုင်ငံတွင်ပါ စစ်ဆေးတွေ့ရှိနေသည်ကို သိရှိကြမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစတင်၍ တွေ့ရှိခဲ့သည့် ရောဂါပြင်းထန်ဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေမြင့်မားသော ဒယ်လ်တာမျိုးကွဲသည် ၂၀၂၁ ခုနှစ် မေလနှင့် ဇွန်လတွင် ကမ္ဘာ့နိုင်ငံများ၌ မြန်ဆန်စွာ ကူးစက်ဖြစ်ပွားခဲ့ရာ လူအများ ထိခိုက်သေဆုံးနှုန်း မြင့်မားခဲ့သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ဒယ်လ်တာမျိုးကွဲထက် ပိုမိုကူးစက်နိုင်ခြေမြင့်မားသော်လည်း ရောဂါအပြင်းအထန်ဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေနည်းပါးသည့် အိုမီခရွန်မျိုးကွဲများ ကူးစက်ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အိုမီခရွန်ဗီဇပြောင်းမျိုးကွဲသည် အခြားမျိုးကွဲများအဖြစ် ဆက်လက်၍ လျင်မြန်စွာပြောင်းလဲလျက် ကူးစက်ဖြစ်ပွားနေကြောင်း အသိပေးထုတ်ပြန်ထားသည်။ ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပြီး ၂၀၁၉-၂၀၂၀ ရောဂါစတင်ဖြစ်ပွားချိန်မှ ယနေ့အထိ အယ်လ်ဖာ၊ ဘီတာ၊ ဂါမာနှင့် ဒယ်လ်တာ၊ အိုမီခရွန် ကူးစက်ရောဂါများ ဖြစ်ပွားတွေ့ရှိခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပြီးခဲ့သည့် ဇန်နဝါရီလ ထုတ်ပြန်ထားချက်အရ ကိုဗစ်-၁၉ ရောဂါဗီဇပြောင်း အိုမီခရွန်မျိုးကွဲ ငါးမျိုးအား စိတ်ဝင်စားဖွယ်မျိုးကွဲများအဖြစ် တွေ့ရှိထားပြီး စောင့်ကြည့်ရမည့်မျိုးကွဲများအဖြစ် သတ်မှတ်ထားသည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိမှုမှ ပယ်ဖျက်ပြီး နောက်ပိုင်းတွင် မျိုးရိုးဗီဇပြောင်းလဲမှု စောင့်ကြည့်ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။ ယခုလက်ရှိတွင် အဆိုပါရောဂါမျိုးကွဲများ ကူးစက်ဖြစ်ပွားမှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အကယ်၍ စိုးရိမ်ဖွယ်ရာ ရောဂါမျိုးကွဲတွေ့ရှိပါက အသင့်ပြင်ဆင်ထားရှိရန် လိုအပ်သည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကို ဖြစ်ပွားစေသည့် ဆားစ်ဗိုင်းရပ်စ်ပိုးတစ်မျိုးသည် လျင်မြန်စွာ မျိုးရိုးဗီဇပြောင်းလဲဖြစ်ပွားလျက်ရှိသောကြောင့် ရောဂါပြင်းထန်ပြီး သေဆုံးနိုင်ခြေမြင့်မားသည့် ဗီဇပြောင်းမျိုးကွဲများ ထွက်ပေါ်လာပါက စောစီးစွာ သိရှိပြီး အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက မျိုးရိုးဗီဇစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကမ္ဘာ့ကပ်ရောဂါအသွင် ကူးစက်မှုမဖြစ်ပွားမီကပင်စတင်၍ ယနေ့အထိ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်အရ ယခုအခါ မျိုးရိုးဗီဇကွဲရောဂါများ ကူးစက်မှုနှုန်းမြင့်တက်နေသည်ဟု အသိပေးထားသည်။ ရောဂါကူးစက်ပျံ့နှံ့မှုမြင့်တက်ကာ ပြည်သူ့ကျန်းမာရေးထိခိုက်မှုအန္တရာယ် နည်းပါးပြီး ရောဂါပြင်းထန်ဖြစ်ပွားနိုင်မှုနည်းပါးကြောင်း အသိပေးထားသော်လည်း အသက်အရွယ်၊ ကိုယ်ခံအား၊ ရောဂါအခံရှိမှုတို့အပေါ်မူတည်၍ ရောဂါပြင်းထန်ဖြစ်ပွားနိုင်ခြေရှိသည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ ထပ်ဆောင်းကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်ပြုမူလုပ်ကိုင်မှု စသည်တို့ကို ပြည်သူများအားလုံး သတိပြုလုပ်ကိုင်ပြီး ကျန်းမာသောလူမှုဘဝကို ပိုင်ဆိုင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးမြဦး ကို စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တေးသီချင်းများ ရိုက်ကူး၊ ထုတ်လွှင့်မှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် သတိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ၁၉၉၆ ခုနှစ်၊ ရုပ်ရှင်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၃၊ ပုဒ်မ ၃၃ နှင့် ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၆ တို့အရ ဇာတ်ကား၊ ဇာတ်လမ်းတွဲ၊ မှတ်တမ်းကား၊ မော်ကွန်းတင်ကား၊ သတင်းကား၊ ဖျော်ဖြေရေးကား၊ တေးသီချင်း၊ ကြော်ငြာတို့ကို ချမှတ်ထားသော မူဝါဒများနှင့် ညီညွတ်မှု ရှိမရှိ ကြည့်ရှုစစ်ဆေးခြင်း၊ ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း၊ ခွင့်ပြုခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြဋ္ဌာန်းချက်များအား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်းရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှု ရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်းအတူ ကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရားကင်းမဲ့သော တေးသီချင်းများကို လူမှုကွန်ရက် စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြောင်း တွေ့ရှိရပါသဖြင့် အဆိုပါ ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့် ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင် သတိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တေးသီချင်းများကို အရုပ်နှင့်အသံ ထွက်ပေါ်စေလျက် နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်ခြင်းမပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ တင်ပြခြင်းမရှိဘဲ ထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၇၃၀ | ၆,၁၃၂,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၁,၀၇၂ | ၃,၁၀၆,၈၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၂ | ၁၅,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၅၆၂ | ၈၄၃,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၅ | ၁၂,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၈၀၀ | ၉၄ | ၁၆၄,၃၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁၀ | ၄၈,၀၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၅၀၄ | ၈၅၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နှင့်အဖွဲ့ဝင်များ ဟားခါးမြို့ ကျောဘုတ် သာသနာပြုကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများအား ဟားခါးမြို့ တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၊ ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

**ဟားခါး ဖေဖော်ဝါရီ ၂၂**

ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ယမန်နေ့နံနက်ပိုင်းတွင် ဟားခါးမြို့ မြို့ဦးကျောင်းတိုက်ရှိ အတုလဂုဏ်ရည် သာသနဗိမာန်သို့ သွားရောက်၍ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဟားခါး-ထန်တလန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟားခါးမြို့ ကျောဘုတ် သာသနာပြုကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညောဘာသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ချင်းပြည်နယ် ထန်တလန်မြို့နှင့် ဟားခါးမြို့တို့မှ မြို့မိမြို့ဖများအား ဟားခါးမြို့ တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံသည်။

**အခက်အခဲများတင်ပြ**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားပြီး မြို့မိမြို့ဖများက ၎င်းတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက တာဝန်ရှိသူများနှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် မြို့မိမြို့ဖများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။ တွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ မှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကူဝိတ်နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ကူဝိတ်နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကူဝိတ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mubarak Muhanna Eissa Aladwani က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mubarak Muhanna Eissa Aladwani တို့က ကူဝိတ်နိုင်ငံ၏ (၆၃)နှစ်မြောက် အမျိုးသားနေ့နှင့် (၃၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့တက်ရောက်ကြသူများကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။




အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးရာဝန်ကြီး ဦးဗိုလ်ဌေးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

တံတားအထူးအဖွဲ့(၁၂)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)အပါအဝင် ကျွမ်းကျင်အင်ဂျင်နီယာ ၁၂ ဦးနှင့် ကာယ၊ ဉာဏလုပ်သား ၂၀၀ ကျော်တို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ တံတားအောက်ထည် အုတ်မြစ်လုပ်ငန်းများနှင့် တံတားကိုယ်ထည်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး တံတားအပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် သံမဏိရက်မတပ်ဆင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တံတားသစ်တည်ဆောက်ရေးစီမံကိန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ထံမှ သိရသည်။

ယခင်မူလ သံလွင်တံတားဟောင်း(တာကော်) သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို အဓိကဆက်သွယ်ထားသော မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၂၈၃ မိုင် ၂ ဖာလုံနှင့် ၂၈၄ မိုင် ၄ ဖာလုံအကြားတွင် တည်ရှိသည်။

သံလွင်တံတားဟောင်း(တာကော်) ကို ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တံတားဟောင်းသက်တမ်းမှာ ၄၅ နှစ်ခန့် ကြာမြင့်လာသည်နှင့်အမျှ တံတားကြံ့ခိုင်မှု အားနည်းလာသောကြောင့် တံတားခံနိုင်ဝန် တန် ၆၀ ရှိသော သံလွင်တံတားသစ်(တာကော်)ကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတည်ဆောက်နေသည့် သံလွင်တံတားသစ်(တာကော်) အရှည်မှာ ၃၅၁ မီတာ(၁၁၅၁ ဒသမ ၆၁ ပေ) ရှိပြီး တံတားသစ်၏အပေါ်ထည်မှာ သံမဏိရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းအမျိုးအစားဖြစ်ကာ တံတားအောက်ခံအုတ်မြစ်များကို အချင်း ၂ ဒသမ ၇၄ မီတာရှိသည့် Caisson Foundat-ion နှင့်အချင်း ၁ ဒသမ ၅ မီတာ ရှိသည့်သံကူကွန်ကရစ် ဘိုးပိုင်များဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ တံတားခန်းဖွင့်အကျယ် မီတာ ၂၀ ခန်းဖွင့် တစ်ခန်း၊ အကျယ် ၁၉ ဒသမ ၂၈၅ မီတာ ခန်းဖွင့် တစ်ခန်း၊ အကျယ် ၆၅ ဒသမ ၈၉၅ မီတာ ခန်းဖွင့် တစ်ခန်း၊ အကျယ် ၁၂၀ ဒသမ ၆၄ မီတာခန်းဖွင့် တစ်ခန်း၊ အကျယ် ၆၅ ဒသမ ၈၉၅ မီတာခန်းဖွင့် တစ်ခန်း၊ အကျယ် ၂၉ ဒသမ ၂၈၅ မီတာ ခန်းဖွင့် တစ်ခန်းနှင့် အကျယ် မီတာ ၃၀ ခန်းဖွင့် တစ်ခန်းတို့ဖြင့် ပါဝင်တည်ဆောက်ထားပြီး တံတားအကျယ် ၃၉ ပေ ၄ လက်မ၊ ယာဉ်သွားလမ်းအကျယ်ပေ ၃၀ ၆ လက်မနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေ ငါးလက်မစီ ပါဝင်မည်ဖြစ်ကာ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၆၀ နှင့်အမြင့် ၄၅ ပေ ရှိမည်ဖြစ်၍ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**

**ဓာတ်ပုံ - စိုးမြင့်အောင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏ အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေး ရှေ့ပြေးစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စွမ်းအင်နှင့် ဆက်စပ်သည့် အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ စားသောက်ကုန်လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်အကျိုးရှိစွာ သုံးစွဲရေးရှေ့ပြေးစီမံကိန်းသည် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ စက်ရုံများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမှတစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေပြီး ကုန်ထုတ်စွမ်းအားကို မြှင့်တင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး (Energy Efficiency) လုပ်ငန်းစဉ်များကို အရေးပါသည့်ကိစ္စရပ်အဖြစ် သတ်မှတ်၍ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝအရင်းအမြစ်များသည် အကန့်အသတ်ဖြင့် တည်ရှိနေ၍ ရေရှည်သုံးစွဲနိုင်ရေးအတွက် စွမ်းအင်ကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားအဆင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးနှင့် ထိန်းသိမ်းရေးမူဝါဒအောက်တွင် စက်မှုကဏ္ဍ၊ အဆောက်အအုံကဏ္ဍ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ စွမ်းအင်စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍနှင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ သင်တန်းများနှင့် အသိပညာပေးရေး အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းစသည့် ကဏ္ဍ(၄)ရပ်ပါဝင်ကြောင်း၊ ယခု မဲခေါင်-လန်ချန်း အစီအစဉ်ဖြင့် ဆောင်ရွက်မည့် စားသောက်ကုန်ကဏ္ဍအတွက် စွမ်းအင်ကိုအကျိုးရှိစွာသုံးစွဲရေးရှေ့ပြေးစီမံကိန်းလုပ်ငန်းများသည် စက်မှုကဏ္ဍနှင့် သက်ဆိုင်ကြောင်း၊ စက်မှုကဏ္ဍ၌ စွမ်းအင်သုံးစွဲမှုများသည့် စက်ရုံအလုပ်ရုံများတွင် စွမ်းအင်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးနိုင်ရန်နှင့် စွမ်းအင်မန်နေဂျာများ မွေးထုတ်ပေးနိုင်ရန် တွန်းအားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ သံမှူးကြီး ဒေါက်တာကျန်းကျိဟုန်က မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏အထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးရှေ့ပြေးစီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း၊ စွမ်းအင်ဖြိုးခြားလေ့တာရေးဌာန ညွှန်ကြားရေးမှူးက ရှေ့ပြေးစီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ အကြံပေးပုဂ္ဂိုလ်က စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ စားသောက်ကုန်ကဏ္ဍတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကို နှစ်ရက်ကြာကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် လုံခြုံရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ်ကြည်လင်းက ဝန်ထမ်းအိမ်ရာများတွင် မသက်ဆိုင်သူများ နေထိုင်မှုမရှိစေရေးနှင့် ဝန်ကြီးဌာနရုံးများ၊ အိမ်ရာများနှင့် သက်ဆိုင်သည့် မြေနေရာများတွင် ကျူးကျော်နေထိုင်မှုများ မရှိစေရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ကျင်းပသည့် နေပြည်တော် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ကော်မတီအတွင်းရေးမှူး နေပြည်တော် ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုချိုမြင့်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ဆက်လက် ကျင်းပသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် လုံခြုံရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်က လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ် အခြေခံပညာကျောင်းများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် တပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုမည့် စာစစ်ဌာနတစ်ခုဖြစ်သော အထက ဟံဇာအား ဖေဖော်ဝါရီ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ဒေသခံပြည်သူများ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငွေးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်ဦးလတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းထွေးတို့ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်က မြို့မရပ်ကွက်အတွင်း လိုက်လံစစ်ဆေးစဉ်။

ဝေယံဖြိုး(ပြန်/ဆက်)

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန သုတေသနစာတမ်းများ ဖိတ်ခေါ်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မွေးမြူရေးသုတေသနဦးစီးဌာန၊ ရေဆင်း၊ နေပြည်တော်၌ ဒုတိယအကြိမ်မြောက် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကို (၁-၄-၂၀၂၄) ရက်တွင် **"ဆန်းသစ်တီထွင် သုတေသနမှသည် အာဟာရပြည့်မီ စားရေရိက္ခာရေရှည်တည်တံ့ဖူလုံရေးဆီ"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ဈေးကွက်ဝင်တန်ဖိုးမြှင့်မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာများ၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာ နယ်ပယ်များမှ သုတေသနစာတမ်းများကို (၁-၃-၂၀၂၄)ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်နိူးဆော်အပ်ပါသည်။

အသေးစိတ်ကို ဦးစီးဌာန၏ Website လိပ်စာ https:// www.dlar.moali.gov.mm တွင် လည်းကောင်း၊ ဒေါက်တာဆောဘောမ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း ၀၉ - ၂၅၀၂၀၅၉၉၀၊ email sawvetdlar@gmail.com သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် UMFCCI ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စက်မှုဇုန်ကော်မတီတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လမ်းမတော်မြို့နယ်ရှိ UMFCCI အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်ကော်မတီများမှ တာဝန်ခံများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းပြည်ပ မီဒီယာများတွင် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအပါအဝင် စက်ရုံ၊ အလုပ်ရုံများနှင့်ဆက်စပ်သော အလုပ်သမားရေးရာသတင်းများကို ယခုကာလအတွင်း ဖော်ပြနေခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် သတင်းစောင့်ကြည့်ရေးအဖွဲ့ဖွဲ့စည်းထားရှိပြီး အလုပ်သမားရေးရာသတင်းများကို တွေ့ရှိပါက ပေါင်းစပ်အဖွဲ့များနှင့် သတင်းပါစက်ရုံ၊ အလုပ်ရုံများသို့ ချက်ချင်းသွားရောက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် သုံးပွင့်ဆိုင်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်များတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည့် အလုပ်ရှင်၊ အလုပ်သမားများ၏ တွေ့ကြုံခံစားနေရသည့် အခက်အခဲများ၊ အားနည်းချက်များကို သိရှိလိုကြောင်း၊ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

UMFCCI အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ အလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများ၊ စက်မှုဇုန်ကော်မတီအလိုက် တာဝန်ခံများက လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆောင်ရွက်ပေးစေလိုသည့် အချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

## မြန်အောင်မြို့နယ်၌ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

မြန်အောင် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လဟာပေါက်ကျေးရွာ ကွင်းအမှတ် ၂၃၉၁ ၊ ဦးပိုင်အမှတ် ၁၇၈/၅ ဦးသန်းဇော်မိုး၏ လယ်မြေ၌ ဖေဖော်ဝါရီ ၁၉ ရက်က တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးမျိုးစေ့ချ စိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် နွေစပါးမျိုးစေ့ချစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြန်အောင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ခရိုင်/ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းအားဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ရက် ၉၀ စပါးမျိုး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြမှုအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဝင်းမိုလ် (ပြန်/ဆက်)




## သီးနှံအလိုက် ထိရောက်သောရေပေးဝေမှု စီမံခန့်ခွဲနိုင်ရန်အတွက် ရေသွင်းနိုင်မည့် နည်းစနစ်များ သုတေသနပြုရှာဖွေဖော်ထုတ်ရေး ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် သပြေတန်းအုပ်စု ကွင်းအမှတ် - ၁၆၄၂ ငွေလျှံကုန်းကွင်း တောင်သူဒေါ်ယုယုလွင်၏ ဆောင်းနေကြာနှင့် ဖူးစားပြောင်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုကို ကြည့်ရှုအားပေးကာ ဆောင်းသီးနှံရိတ်သိမ်းပြီး နွေသီးနှံဖြစ်သည့် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးသည့် သီးနှံအလိုက် ထိရောက်သော ရေပေးဝေမှု စီမံခန့်ခွဲနိုင်ရန်အတွက် ရေသွင်းနိုင်မည့် နည်းစနစ်များ သုတေသနပြုရှာဖွေဖော်ထုတ်ပေးရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက်တစ်ဆင့် ဇမ္ဗူသီရိမြို့နယ် ငလိုက် ဆည်ရေသောက်စနစ်၊ ငလိုက်လက်ယာမြောင်း လက်တံ-၃ နှင့် လက်တံ-၄ ကြားရှိ စနစ်ကျ လယ်ယာမြေ ၃၃၆ ဧကတွင် နွေစပါး စိုက်ပျိုးနိုင်ရေးအတွက် ရေပေးမြောင်း ပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံတောင်သူများက လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ပတ်သက်၍ တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် Great Wall Tomorrow ကုမ္ပဏီက GW-11 မျိုးစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပြင်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လယ်ဝေးမြို့နယ် အေလာမြို့သစ်ကျေးရွာအနီး ရုံးပင်ချောင်းအတွင်း ယာယီရေထိန်းဆည် တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးနှင့် နွေသီးနှံ စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် (၂၁၀) အနီးရှိ ငလိုက်ဆည် ရေသောက်စနစ် အဖျားပိုင်းနေရာများ၌ စိုက်ပျိုးရေအခက်အခဲမဖြစ်ပေါ်စေရေးအတွက် စက်ရေတွင်းနှင့် ဆိုလာစနစ်တပ်ဆင်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်မှု အခြေအနေများကို ဒေသခံတောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပင်လောင်းလမ်းဘေးဆိုလာစနစ်သုံးစက်ရေတွင်း အမှတ်-၇ နှင့် အမှတ်-၈ မှ ရေတင်၍တောင်သူများ ပထမဆုံးအကြိမ် စမ်းသပ်စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘဲကုန်း ဆည်မြောင်းဝင်းတွင် ကျင်းပသော ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းမိသားစု၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး ဆုရအသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# စွမ်းနိုင်သမျှပါဝင်လို့ ကျေနပ်ဂုဏ်ယူကြပါစို့

**ပြည်ချစ်လုလင်**

ယခုရက်ပိုင်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး၊ သို့လောသို့လော စိုးရိမ်ပူပန်မှုတွေနဲ့ လူတွေပါးစပ်ဖျားမှာ ဆွေးနွေးငြင်းခုံပွက်လောရိုက်နေတဲ့ အကြောင်းအရာတစ်ခုရှိပါတယ်။ ဘယ်နှတန်းရောက်ပြီလဲ။ အသက်ဘယ်လောက်တော့ရှိပြီ။ အလားတူ သားလေးက အခုမှအသက် ၂၀။ ဒါဆိုရင်မလွတ်လောက်ဘူး စသဖြင့် ပွက်လောညံနေပါတယ်။

ဒါကတော့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် လိုအပ်လာလို့ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ စတင်အသက်ဝင်ကျင့်သုံးဖို့ အတည်ပြုလိုက်တဲ့ အသက် (၁၈)နှစ်ပြည့်ပြီး ကျန်းမာသန်စွမ်းသူ အမျိုးသား၊ အမျိုးသမီးတိုင်း စစ်မှုထမ်းရမယ့် ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေက အမျိုးသားဆိုရင် အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ၊ အမျိုးသမီးက အသက် ၁၈ နှစ်ကနေ ၂၇ နှစ်အထိ စစ်မှုထမ်းရမှာဖြစ်ပြီး အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ စက်မှုလက်မှုပညာတတ်မြောက်သူတွေဆိုရင် အမျိုးသားက အသက် ၁၈ နှစ်ကနေ ၄၅ နှစ်အထိ၊ အမျိုးသမီးက အသက် ၁၈ နှစ်ကနေ ၃၅ နှစ်အထိ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ စစ်မှုထမ်းကာလကို သာမန်အခြေအနေမှာ သက်တမ်း နှစ်နှစ်၊ အတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုသူတွေဆိုရင် သုံးနှစ် သတ်မှတ်ထားပါတယ်။

**၁၉၅၉ ခုနှစ်ကတည်းက**
**ပြည်သူ့စစ်မှုထမ်း အက်ဥပဒေဆိုပြီးရှိခဲ့**

တကယ်တော့ စစ်ရေးလိုအပ်ချက်တစ်ခုကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေက ဟတ်ချလောင်းဆိုပြီး အခုမှအတည်ပြုထုတ်ပြန်လိုက်တာ မဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်း အက်ဥပဒေဆိုပြီး ရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဥပဒေအမှတ်(၂၇/၂၀၁၀) နဲ့ ၁၉၅၉ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြင်ဆင်သတ်မှတ်ခဲ့ပြီး အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်မှာ စတင်အာဏာတည်စေခဲ့တာဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံတည်းမှာ ဒီဥပဒေကို ကျင့်သုံးတာမဟုတ်ပါဘူး။ ကမ္ဘာ့နိုင်ငံပေါင်း ၁၈ နိုင်ငံမှာ စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားရှိပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်က နိုင်ငံသားတိုင်းနဲ့ သက်ဆိုင်တယ်လို့ ခံယူတဲ့အတွက် လူငယ်တွေကိုယ်တိုင်က စစ်မှုထမ်းဖို့ လိုလိုလားလား ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်တဲ့ အသက်အရွယ်လူဦးရေ ၁၃ သန်းဝန်းကျင်ရှိပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး (၃)ပါးကို စောင့်ထိန်းဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတဲ့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားတွေရဲ့ မူလတာဝန်ဝတ္တရားတွေ ပါဝင်ပါတယ်။ အခြေခံဥပဒေပုဒ်မ ၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးက နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၈၆ မှာ နိုင်ငံသားတိုင်းက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

**တပ်မတော်အင်အားကို**
**ထောင်ပြုမြို့၊ ရာပြုမြို့များမှတစ်ဆင့်**
**ဆင့်ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ကြ**

မြန်မာ့သမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်ရင်လည်း မြန်မာနိုင်ငံမှာ အမြဲတမ်းတပ်မတော်ကို သင့်လျော်တဲ့ပမာဏနဲ့ ဖွဲ့စည်းထားပြီး အရေးကြုံပါက တပ်မတော်အင်အားကို ထောင်ပြုမြို့၊ ရာပြုမြို့များမှတစ်ဆင့် ဆင့်ဆိုပြီး ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပါတယ်။

မြန်မာစစ်သည်တော်တွေက တောင်သူလယ်သမားတွေဖြစ်တာကြောင့် ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရင်း၊ တစ်ဖက်ကလည်း စပါးစိုက်ပြီး ကိုယ့်ရိက္ခာကို ကိုယ်တိုင်စိုက်ပျိုးထွန်ယက်ကာ ရှာဖွေစားသောက်ရင်း နိုင်ငံ့ရန်ကို တွန်းလှန်ကာကွယ်ခဲ့ကြပါတယ်။ ဒီလို ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲတတ်တဲ့ ပြည်သူ့စစ်က ရှေးယခင်ကတည်းက တည်ရှိနေခဲ့တာကို ဂုဏ်ယူစဖွယ် မှတ်သားဖူးပါတယ်။

**အားလုံးပါဝင်တဲ့**
**ပြည်သူ့လုံခြုံရေးစနစ်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရှိဖို့ လိုပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိဖို့ဆိုရင် အားလုံးပါဝင်တဲ့ ပြည်သူ့လုံခြုံရေးစနစ်နဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

လက်ရှိနိုင်ငံရဲ့ အခြေအနေကတော့ အားလုံးသိတဲ့အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး သွေးထိုးလှုံ့ဆော်မှုတွေ၊ အသိဉာဏ်နည်းပါးမှုတွေကြောင့် ထင်ရာစိုင်း၊ အချင်းချင်း ရန်ပြုတိုက်ခိုက်၊ အိမ်ကြက်ချင်းအိုးမဲသုတ် ခွပ်စေသူတို့ရဲ့အလိုကျ ဖြစ်နေကြရပါတယ်။

ဒီလိုအခြေအနေမှာ နိုင်ငံတော်ရဲ့ အရေးပေါ်ကာလ ရည်မှန်းချက်တွေကို အောင်မြင်အောင် အရင်းအမြစ်တွေကို စုစည်းစုဖွဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ အချို့ဒေသတွေမှာဆိုရင် မိမိတို့ဒေသရပ်ရွာမှာ တရားဥပဒေစိုးမိုးမှုရှိစေဖို့၊ အကြမ်းဖက်မှုတွေပပျောက်စေဖို့ ဒေသခံပြည်သူတွေကိုယ်တိုင် အကြမ်းဖက်သမားတွေကို ဝိုင်းဝန်းဖော်ထုတ်နှိမ်နင်းဆောင်ရွက်ပေးနေတာတွေလည်း ရှိပါတယ်။

ပြည်သူတွေကိုယ်တိုင် မိမိတို့ရပ်ရွာဒေသကို စောင့်ရှောက်နိုင်ဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းရတာဖြစ်ပါတယ်။ စစ်ရေးတစ်ခုတည်းကို ရည်မှန်းဆောင်ရွက်တာမဟုတ်ဘဲ နိုင်ငံလုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်ကို တပ်မတော်နဲ့ပြည်သူ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

စစ်မှုထမ်းဆောင်မယ့်သူတွေကို ချက်ချင်းလက်ငင်းဆင့်ခေါ်ပြီး တိုက်ခိုက်ရေးဘက်ကို ပို့မှာမဟုတ်ဘဲ စစ်မှုထမ်းတစ်ယောက်တတ်သင့်တဲ့ တိုက်ရည်ခိုက်ရည်နဲ့ဆိုင်တဲ့ စစ်ပညာတွေကို လေ့ကျင့်သင်ကြားပေးဦးမှာ ဖြစ်ပါတယ်။

**စစ်ကိုဟန့်တားနိုင်တဲ့**
**စွမ်းရည်တွေရရှိလာမှာဖြစ်**

နောက်ပြီး အမြဲတမ်းတပ်မတော်ရဲ့ ရပ်တည်ချက်ကို ပြည်သူလူထုက နားလည်လက်ခံလာပြီး တပ်မတော်နဲ့ပြည်သူအကြား အထင်အမြင်လွဲမှားမှုတွေ၊ ကွာဟချက်တွေကို ကျဉ်းမြောင်းလာစေမှာဖြစ်ပါတယ်။ နိုင်ငံရဲ့ ကာကွယ်ရေးအင်အားနဲ့ ပြည်သူလူထုရဲ့ကာကွယ်ရေး၊ လုံခြုံရေးဆိုင်ရာစွမ်းရည်တွေကို ပြသနိုင်ပြီး စစ်ကိုဟန့်တားနိုင်တဲ့ စွမ်းရည်တွေရရှိလာမှာ ဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှု၊ စစ်မဟာဗျူဟာ၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ သံတမန်ရေးရာပရိယာယ်၊ စစ်မြေပြင်အမျိုးအစား၊ အုပ်ချုပ်ထောက်ပံ့ရေး၊ စည်းကမ်းထိန်းသိမ်းရေးစတာတွေကတော့ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း ရရှိသွားမယ့် ဘဝပေးအသိပညာတွေပဲဖြစ်ပါတယ်။

ဒါ့အပြင် အချင်းချင်း ရဲဘော်ရဲဘက်စိတ်၊ ကိုယ်ချင်းစာနာမှု၊ စွန့်လွှတ်စွန့်စားအနစ်နာခံမှု၊ ချစ်ကြည်စည်းလုံးမှုတွေအပြင် ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ စိတ်ဓာတ်၊ အမိန့်နာခံတတ်မှုတွေကိုလည်း ခံစားနားလည်လာအောင် အပိုဆုအဖြစ် မြန်မာ့တပ်မတော်က လေ့ကျင့်သင်ကြားပေးလိုက်မှာဖြစ်ပါတယ်။

မြန်မာတို့ရဲ့အမျိုးကိုချစ်တဲ့ ဇာတိသွေး၊ ဇာတိမာန်၊ ရဲရဲနီစွေးသတ္တိသွေးတို့က နဂိုမူလကတည်းက တိုင်းရင်းသားတို့ရဲ့ ကိုယ်ထဲမှာ စီးဆင်းနေပြီးသားဖြစ်ပါတယ်။ အကြောင်းမကြုံကြိုက်လို့ ငုပ်လျှိုးနေကြရတာဖြစ်ပြီး ရဲစိတ်ရဲမာန်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့က အခုလို အရေးကြုံလို့ လိုအပ်လာချိန်တွင် ပြသခွင့်ရကြမှာ ဖြစ်ပါတယ်။

မိမိတို့ပတ်ဝန်းကျင်၊ ရပ်ရွာ၊ ဒေသ၊ နိုင်ငံ အေးချမ်းသာယာဖို့၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်တိုင်ကိုယ်ကျ စွမ်းသမျှ ပါဝင်ထမ်းရွက်ခွင့်ရတာမို့ ကျေနပ်ဂုဏ်ယူစရာလည်း ကောင်းပါတယ်။ ဒါကြောင့် အရေးကြီးလို့ သွေးနီးရတယ်၊ အရေးကြုံလို့ သွေးဆုံကြရတယ်လို့ခံယူရင်း မြန်မာနိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်လိုက်ကြပါစို့ မြန်မာလူငယ်တို့……။ ။

"လက်ရှိနိုင်ငံရဲ့ အခြေအနေကတော့ အားလုံးသိတဲ့အတိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားပြီး သွေးထိုးလှုံ့ဆော်မှုတွေ၊ အသိဉာဏ်နည်းပါးမှုတွေကြောင့် ထင်ရာစိုင်း၊ အချင်းချင်း ရန်ပြုတိုက်ခိုက်၊ အိမ်ကြက်ချင်းအိုးမဲသုတ် ခွပ်စေသူတို့ရဲ့ အလိုကျဖြစ်နေကြရပါတယ်။

ပြည်သူတွေကိုယ်တိုင် မိမိတို့ရပ်ရွာဒေသကို စောင့်ရှောက်နိုင်ဖို့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းရတာဖြစ်ပါတယ်။ စစ်ရေးတစ်ခုတည်းကို ရည်မှန်းဆောင်ရွက်တာမဟုတ်ဘဲ နိုင်ငံလုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်ကို တပ်မတော်နဲ့ ပြည်သူ တက်ညီလက်ညီ လက်တွဲဆောင်ရွက်ဖို့ဖြစ်"

- ❖ **ပစ်ခတ်တိုက်ခိုက်မှု၊ စစ်မဟာဗျူဟာ၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ သံတမန်ရေးရာပရိယာယ်၊ စစ်မြေပြင်အမျိုးအစား၊ အုပ်ချုပ်ထောက်ပံ့ရေး၊ စည်းကမ်းထိန်းသိမ်းရေး စတာတွေကတော့ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း ရရှိသွားမယ့် ဘဝပေးအသိပညာတွေပဲဖြစ်**
- ❖ **ဒါ့အပြင် အချင်းချင်း ရဲဘော်ရဲဘက်စိတ်၊ ကိုယ်ချင်းစာနာမှု၊ စွန့်လွှတ်စွန့်စားအနစ်နာခံမှု၊ ချစ်ကြည်စည်းလုံးမှုတွေအပြင် ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့စိတ်ဓာတ်၊ အမိန့်နာခံတတ်မှုတွေကိုလည်း ခံစားနားလည်လာအောင် အပိုဆုအဖြစ် မြန်မာ့တပ်မတော်က လေ့ကျင့်သင်ကြားပေးလိုက်မှာဖြစ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင်၊ အလှူရှင်များက စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

## ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရေစျှော်ဝါခန်းမ၌ ပြုလုပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့ ရေစျှော်ဝါခန်းမ၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စုပေါင်းပေးပို့လှူဒါန်းသည့် ငါးနီတူခြောက်ကြော်၊ ငါးပိကြော်၊ ငံပြာရည်ကြော် အစရှိသည့် စားသောက်ဖွယ်ရာ စုစုပေါင်း ၁၄၄၇ ပိဿာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စားသောက်ဖွယ်ရာများကို သွားရောက်ပို့ဆောင်မည့် မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက စားသောက်ဖွယ်ရာများကို သွားရောက်ပို့ဆောင်မည့် မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော စားသောက်ဖွယ်ရာများကို လေယာဉ်ဖြင့် ပို့ဆောင်ရန် ဆောင်ရွက်နေစဉ်။

# ချောင်းဆုံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ

ချောင်းဆုံ ဖေဖော်ဝါရီ ၂၂

ချောင်းဆုံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယနေ့နံနက် ၉ နာရီခွဲက သင်္ကောကျေးရွာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများရှိ ခရီးသွားပြည်သူများအား “ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ သိကောင်းစရာ” သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)



# မြဝတီမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေး

မြဝတီ ဖေဖော်ဝါရီ ၂၂

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိနိုင်စေရန်အတွက် ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက အမှတ် ၄ ရပ်ကွက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း(တောရ)၌ ဆောင်ရွက်သည်။

### ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ဦးစွာရှင်းလင်းပေးပြီး မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဦးက ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းရခြင်းရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ရမည့်သူများ၊ စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းရခြင်းနှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသူရိန်အောင်က



ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေများမှ ရရှိနိုင်မည့်အခွင့်အရေးများ၊ စစ်မှုထမ်းခြင်းမှရှောင်လွှဲပါက ကျသင့်မည့်ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဥပဒေတို့ကို ရှင်းလင်းပြောကြားပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်ပြည်သူများက သိရှိလိုသည့် အချက်များ မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းပေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင် ၃၀၀ ကို ဖြန့်ဝေပေးသည်။ အလားတူ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် မြဝတီမြို့ အမှတ် ၃ ရပ်ကွက် ဇေယျာသိဒ္ဓိဓမ္မာရုံတွင်လည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ABU က စီစဉ်ကျင်းပသည့် အဓိပ္ပာယ်ပြည့်ဝသော လူမှုမီဒီယာအသိုက်အဝန်းများ တည်ဆောက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှဝန်ထမ်းများ အွန်လိုင်းဖြင့်တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အာရှပစိဖိတ်ရုပ်သံထုတ်လွှင့်မှုအဖွဲ့(Asia Pacific Broadcasting Union–ABU)က စီစဉ်ကျင်းပသည့် “အဓိပ္ပာယ်ပြည့်ဝသော လူမှုမီဒီယာအသိုက်အဝန်းများ တည်ဆောက်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ အွန်လိုင်းဆွေးနွေးပွဲတွင် လူမှုမီဒီယာဖြင့် ဆွဲဆောင်ပြီး လူ့အသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်မှုဆိုင်ရာမြှင့်တင်မှုများ၊ လူမှုမီဒီယာအသိုက်အဝန်း တည်ဆောက်ခြင်းနှင့် အင်တာဗျူးမေးမြန်းရန်နည်းလမ်းများ၊ ဆိုရှယ်မီဒီယာတွင်အောင်မြင်မှုများရရှိခြင်း၊ အရည်အသွေးမြင့်သော ဗီဒီယို content များရှာဖွေခြင်းနှင့် သတင်းထုတ်လုပ်မှုတွင် (AI) အသုံးပြုခြင်းဆိုင်ရာများ၊ လူမှုမီဒီယာများအကြားတွင် အဓိပ္ပာယ်ပြည့်ဝသော အပြန်အလှန်တုံ့ပြန်မှုများ ရရှိနိုင်ရန် ရိုးရှင်းထိရောက်သောနည်းလမ်းများ၊ အတွေးအခေါ်နှင့် စိတ်ကူးစိတ်သန်းများ၊ ဆက်သွယ်မှုဝေရမည့် ပရိသတ်များအပေါ် တွန်းအားပေးမှုဆိုင်ရာများ၊ အပြန်အလှန်တုံ့ပြန်မှုနှင့် လူမှုပတ်ဝန်းကျင်ကို အားပေးအားမြှောက်ခြင်းဆိုင်ရာ လက်တွေ့ဆန်သော အကြံဉာဏ်ပေးမှုများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မြန်မာ့ဓလေ့ ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ ပြိုင်ပွဲဝင်အသင်းများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဦးစီးဌာန၊ လုပ်ငန်းနှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၏ ထမနဲထိုး ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ် (၂) သတ္တုတွင်း လုပ်ငန်းအသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဆုရရှိသော သစ်တောဦးစီးဌာနအသင်းအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသော သတ္တုတွင်းဦးစီးဌာနအသင်းအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျန်အသင်းများအား နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ (ယာပုံ) လုပ်ငန်းဆိုင်ရာများ မှာကြားပြီး ခရိုင်ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး ကျောင်းသုံး စာအုပ်များ ပုံနှိပ်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေး၍ ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊



နောင်တွင် စွမ်းအားပြည့် ပုံနှိပ်နိုင်ရေးအတွက် ဝန်ထမ်းအင်အား၊ စက်ပစ္စည်းများ ထိန်းသိမ်းရေးနှင့် လိုအပ်သည်များ ပြင်ဆင် ဆောင်ရွက်ထားရေးတို့ကို မှာကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းဌာနခွဲမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံ စစ်ကိုင်းဇုန်နယ်မှူး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်မှ စာတည်းမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်နှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် လူငယ်အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်ရေး၊ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား ကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် သင်တန်းများဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာများနှင့် တင်ပြညှိနှိုင်းဆောင်ရွက်ရေး၊ စစ်မှုထမ်းဥပဒေအာဏာတည်သည့်အမိန့်ထုတ်ပြန်ခြင်းအပေါ် မီဒီယာများမှ အဖျက်အမှောင့် ကောလာဟလ ထုတ်ပြန်မှုများကြောင့် ပြည်သူလူထု စိုးရိမ်ပူပန်မှုမရှိရေးအတွက် တတ်နိုင်သည့်ဘက်မှ ရှင်းလင်းဆွေးနွေးကြရေးနှင့် ဝန်ထမ်းရေးရာကိစ္စများ၊ လုံခြုံရေးကိစ္စများ ဂရုပြု ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ **သတင်းစဉ်**

# အတန်းတင်စာမေးပွဲဖြေဆိုနေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**မကွေး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးသည် ဖေဖော်ဝါရီ ၂၀ ရက်က သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး)၌ ကျင်းပလျက်ရှိသည့် အတန်းတင်စာမေးပွဲ ဖြေဆိုနေမှုနှင့် တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်သင်တန်းသား ၅၄ ဦးနှင့် ဒုတိယနှစ်သင်တန်းသား ၇၂ ဦး စုစုပေါင်း ၁၂၆ ဦး အတန်းတင်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းကျောင်းအတွင်း တည်ဆောက်လျက်ရှိသည့် စာသင်ဆောင်နှင့် သင်တန်းသား သင်တန်းသူအိပ်ဆောင် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**



# မွန်ပြည်နယ်၌ MSME ချေးငွေများ ထုတ်ချေးပေးနိုင်ရေး ချပြရှင်းလင်းပွဲ ကျင်းပ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ချေးငွေများ ထုတ်ချေးပေးနိုင်ရေးချပြရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ဦးစွာ မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး၊ နိုင်လယိတမက အဖွင့်အမှာစကား ပြောကြားပြီး မွန်ပြည်နယ်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ တွဲဖက်အတွင်းရေးမှူး၊ မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ခေတ္တပြည်နယ် ဦးစီးဌာနမှူး ဦးသိန်းထိုက်က MSME ချေးငွေများ ထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံး




လုပ်နည်းနှင့် ချေးငွေအဆိုပြုလွှာ တင်ပြရမည့် အထောက်အထားများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထိုနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးဖြေကြားပြီး မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော သတင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူခြင်းနှင့်ပတ်သက်သော**
**သတင်းကြေညာချက်**

၁။ ၂၀၂၄-ခုနှစ်၊ မတ်လ (၁၁) ရက်နေ့ မှ (၁၉) ရက်နေ့ အထိ ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခွင့် လျှောက်ထားကြသော ကျောင်းသား/သူများ သိရှိရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က) တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား/သူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလ ( ၂၇ )ရက် အင်္ဂါနေ့မှစ၍ ထုတ်ယူကြရပါမည်။

(ခ) အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ) နှင့် (တွဲဖက်) အခြေခံပညာ အထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ ကျောင်းအုပ်ကြီးများထံမှ ထုတ်ယူကြရပါမည်။

(ဂ) ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို မိမိတို့ ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ ထုတ်ယူကြရပါမည်။

၂။ ကျောင်းသား/ကျောင်းသူများ အနေဖြင့် စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား (Identity Card) များ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ စာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

ရက်စွဲ။ ၂၀၂၄-ခုနှစ်၊ ဖေဖော်ဝါရီလ( ၂၂ )ရက်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်စွာသွင်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး ဒေါက်တာကျော်လွင်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း (Grade-5)နှင့် အခြေခံပညာအလယ်တန်းဆင့် နဝမတန်း (Grade-9) နှစ်ဆုံးစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်ထောင်စုဝန်ကြီးက စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာဖြေသူနှင့် စာမေးပွဲလုပ်ငန်း အနှောင့်အယှက်မဖြစ်စေရန် အထူးဂရုစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာဖြေဆိုနိုင်ရန်နှင့် စာဖြေခန်းအတွင်းအပြင် သန့်ရှင်းရေးနှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ အလင်းရောင် လုံလောက်စွာရရှိရေး၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို သက်သောင့်သက်သာဖြေဆိုနိုင်ရေးအတွက် စာဖြေခုံများကို စနစ်တကျထားရှိစေလိုပါကြောင်း၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း တာဝန်ရှိသူများကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို လှည့်လည် ကြည့်ရှုအားပေး၍ ကျောင်းဝင်းအတွင်းဥပစာရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ ကျောင်းဘောလုံးကွင်း တည်ဆောက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကာ စနစ်တကျစောင့်ကြပ်ကြည့်ရှုပေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေးဟောပြောပွဲ ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Know-ledge Sharing Program အရ " လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

အသိပညာပေးရေးဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားရာတွင် အသိပညာမျှဝေခြင်းအစီအစဉ် Knowledge Sharing ပြုလုပ်ခြင်းသည် ဌာနလုပ်ငန်းအသီးသီး၏ လုပ်ငန်းစွမ်းဆောင်မှုများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပိုမိုဆန်းသစ်ဆောင်ရွက်နိုင်ရန်၊ ပိုမိုချောမွေ့အောင်မြင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ဖတ်မှတ်လေ့လာသည်ထက် Knowledge Sharing တွင် ပါဝင်တက်ရောက်ခြင်းသည် အချိန်တိုအတွင်း သိမှတ်ဖွယ်ရာများ၊ ဆောင်ရန်/ ရှောင်ရန်များ၊ တန်ဖိုး ရှိသည့် အတွေ့အကြုံများ၊ သင်ခန်းစာများကို အသင့်သိရှိသွားနိုင်မည် ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများအတွက် များစွာ အကျိုးရှိစေမည်ဖြစ်၍ သေချာစွာ လိုက်နာမှတ်သားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက "လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အကြောင်း၊ တိုင်တန်းချက်များ လက်ခံဆောင်ရွက်ခြင်း၊ အကြံပြုတိုက်တွန်းချက်များ ပေးပို့ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား ကြည့်ရှုစစ်ဆေးခြင်း၊ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရာတွင် လိုက်နာရမည့် အချက်များ စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို Hybrid System ဖြင့် ကျင်းပခြင်းဖြစ်ပြီး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၇၄ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## တောင်ငူမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေးအတွက် မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ

**တောင်ငူ ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မြို့မဈေးကြီးတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ပြုလုပ်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်ဌေးက မီးဘေးကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်များကို အသိပညာပေးပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်ဝင်းက မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြသခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသသည်။

အဆိုပါ လက်တွေ့မီးသတ်သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ စုစုပေါင်း အင်အား ၂၀၀ ခန့်တက်ရောက်၍ လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ညှိနှိုင်းအစည်းအဝေး ကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် ၁၃ ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးဝန်ကြီးများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ဝင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

**ဖွဲ့စည်းပေးခဲ့ပြီးဖြစ်**

ဦးစွာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ကြီးကြပ်ရေးအဖွဲ့က ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ဖွင့်လှစ်ဆဲကျောင်းများအားလုံး ပြန်လည်မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြီးကြပ်ရေးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၃၊ ၁၇/၂၀၂၃၊ ၁၈/၂၀၂၃ နှင့် ပုဂ္ဂလိကကျောင်းများ မှတ်ပုံတင်ခြင်းများဆိုင်ရာ ညွှန်ကြားချက်တို့ကို ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း၊ နည်းဥပဒေများကို မပြဋ္ဌာန်းနိုင်သေးမီ ညွှန်ကြားချက်များဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း။

ဥပဒေ၏ ထူးခြားချက်များမှာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန်၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများတွင် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်ဘာသာရပ်များကိုပါ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ တတ်မြောက်မှုကိုလည်း ပြန်လည်စစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်သီချင်း သီဆိုရေးနှင့် နိုင်ငံတော်အလံ အလေးပြုရေးတို့ကိုလည်း ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကပညာရေးဥပဒေအရ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များက လုပ်ငန်းအဖွဲ့များ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံနှင့် ကြီးကြပ်ရေးအဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ကိစ္စ၊ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ကိစ္စများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့များက လုပ်ဆောင်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့မှ လူမှုရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၂၂

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အရာရှိကြီးများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့်ဥပဒေရေးရာဌာနကြီး)၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ဒသမအကြိမ် တိုးတက်မှုအစီရင်ခံစာနှင့် ပတ်သက်သည့် အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group-APJG) မျက်နှာချင်းဆိုင် အစည်းအဝေးသို့ တက်ရောက်ပြီး ရလဒ်ကောင်းတစ်ခု အနေဖြင့် မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိနေသည့် အစီအမံ (Action Plan) အချက်များအနက် တစ်ချက်ဖြစ်သည့် လက်ငင်းရလဒ် ၃ ဒသမ ၂ “ကျောက်မျက်၊ ရွှေရောင်းဝယ်သူများ၊ အိမ်ခြံမြေကဏ္ဍတို့ကို ဆုံးရှုံးနိုင်ခြေအန္တရာယ် အခြေပြုကွင်းဆင်း၊ ရုံးထိုင်စစ်ဆေးမှုများ ဦးစားပေးဆောင်ရွက်ရန်” အချက်ကိုကြီးမားစွာ လိုက်နာဆောင်ရွက်ရေးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် အကြံပြုချက် အမှတ်-၈ “Non-Profit Organizations” နှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆုံးရှုံးနိုင်ခြေ အကဲဖြတ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရန်နှင့် ဧပြီလတွင် တိုးတက်မှုအစီရင်ခံစာ ရေးသားနိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများက ပူးပေါင်းဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်များက မိမိတို့ကြီးကြပ်ရသည့် သတင်းပို့အဖွဲ့အစည်းများအပေါ် စည်းမျဉ်းစည်းကမ်းများနှင့် ထိထိရောက်ရောက် ကြီးကြပ်နိုင်ရန်အတွက် အုပ်စုလိုက်ပူးပေါင်းကြီးကြပ်ရေး အဖွဲ့ကို အဖွဲ့ဝင်များ ထပ်မံဖြည့်စွက်ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်တို့ကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ML Investigation ပိုမိုမြန်ဆန်စွာ ဆောင်ရွက်ရန် အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ထန်းတပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နှမ်းစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများနှင့် စာချုပ်ချုပ်ဆို

ထန်းတပင် ဖေဖော်ဝါရီ ၂၂

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

စာချုပ်ချုပ်ဆိုပွဲအခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဇော်က ဦးစီးဌာနအနေဖြင့် ဦးစီးဌာနအဆင့်ဆင့်၏ ညွှန်ကြားချက်နှင့်အညီ သမဝါယမအသင်းသားတောင်သူများနှင့် ကုမ္ပဏီတို့ပူးပေါင်းကာ နွေစပါးစီမံချက်အား အောင်မြင်အောင် အပြည့်အဝဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သမဝါယမအသင်းသားတောင်သူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးဝင်းဇော်နှင့်တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါး ၄၅၇ ဧက စိုက်ပျိုးကြသည့် သမဝါယမအသင်းသားတောင်သူ ၄၆ ဦးတို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# ဗလငါးတန် အခြေခံဖြင့် အနာဂတ်ဆီ ရည်မျှော်သည်

မိုးကေနိုင်

**ဗလငါးတန်လို့ဆိုလေတိုင်း လူငယ်တွေကို ဗဟိုပြုလေ့ရှိတယ်။ လူငယ်နဲ့ ဗလငါးတန် ၊ ငါးတန်သော ဗလအင်အားနဲ့ လူငယ်တွေကို ယှဉ်တွဲမြင်ကြည့်တဲ့အခါ ကာယ၊ ဉာဏ၊ ဘောဂ၊ စာရိတ္တ၊ မိတ္တ အင်အားတို့နဲ့ ပြည့်စုံတဲ့ တိုင်းပြည်တိုင်းဟာ တိုးတက်ဖွံ့ဖြိုးမှုအဆင့်တစ်ခုမှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ကြတယ် ဆိုတာ တွေ့ရပါတယ်။**

အဝေးအနီး၊ ကမ္ဘာ့မြင်ကွင်း၊ မြန်မာ့မြင်ကွင်း ဘယ်လိုကြည့်ကြည့်ပါ... ။ လက်ရှိ အခြေအနေတွေ အပေါ် အခြေခံပြီး မှန်းမျှော်ကြည့်ရင် လူ့စွမ်းအား အရင်းအမြစ်ကောင်းကောင်း၊ ညီညီညွတ်ညွတ်နဲ့ အားထည့်ရမယ့်အရာ များစွာရှိနေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံးစုစည်းလိုက်ရင် ဖွံ့ဖြိုး တိုးတက်ဖို့အတွက် အရင်းအမြစ် အင်အားကြီး ငါးရပ်သာ အဓိကပါပဲ။ ဖြည့်ဆည်းရမယ့်အပိုင်း၊ တိုးတက်ရမယ့်အပိုင်း များစွာကျန်ရှိနေပါတယ်။ ကမ္ဘာရော၊ မြန်မာမှာပါကြည့်လျှင် အတိတ်က ဒီလို အင်အားတွေ ချို့တဲ့ခဲ့လို့ လက်ရှိငါတို့ဘဝတွေ ဒီလို ဖြစ်နေရတယ်။ လက်ရှိကာလကြီးမှာ မပြုပြင် မတည်ဆောက်ဘဲ ဆက်နေသွားရင် လက်ရှိမှာလည်း အရှုံး၊ အနာဂတ်မှာလည်း အဆုံးနဲ့သာ ရင်ဆိုင်ကြ ရပါလိမ့်မယ်။



### စိတ်ခါတ်တွေ မပြင်သရွေ့

မလုပ်တာမဟုတ်၊ လုပ်တော့လည်း လုပ်နေကြ ပါတယ်။ နေရာစုံ၊ ထောင့်စုံကနေ တက်တက်ကြွကြွ လုပ်နေကြပါတယ်။ အပျက်အစီး၊ အဖျက်အဆီးကြား ထဲ အပြုသဘောဆောင်တဲ့ အရာတွေလည်း ရှိပါ တယ်။ လုပ်နေတဲ့ကြားထဲ ထပ်ကာထပ်ကာပေါ်လာ တဲ့ ဖြည့်ဆည်းစရာတွေ၊ အချိန်နဲ့အမျှပြောင်းလဲနေ တဲ့ အပြောင်းအလဲတွေ၊ အရှိန်နဲ့ရွေ့နေတဲ့ အရွေ့ တွေကြားထဲ အရှိန်အဟုန်နဲ့ကို တွန်းတွန်းတိုက်တိုက် လုပ်နေကြရပါတယ်။ Force တော့ ရှိပါရဲ့၊ distance ရှိမှလည်း Work ဟူသော အလုပ်က မည်မှာကိုး။ မပြည့်သေးရင် ဖြည့်ရမယ့်တာဝန်၊ မရွေ့သေးရင် ရွေ့ရမယ့်တာဝန်ကား များစွာရှိနေဆဲပါ။

ပြောင်းတယ်ဆိုရာမှာ အဓိကအရေးကြီးဆုံးက အကျင့်တွေ ပြောင်းဖို့ကို ပိုပြီး ဦးစားပေးစေချင်တယ်။ အာဃာတအမုန်းနဲ့ သူတစ်လူ၊ ငါတစ်မင်း တိုက်ချင် ခိုက်ချင်တဲ့ စိတ်၊ မနာလိုဝန်တို၊ ပြောသမျှယုံ၊ အစွန်း မလွတ်၊ အတ္တကြီးတဲ့စိတ်တွေ များစွာပြင်ရဦးမှာပါ။ ပျက်စီးရာပျက်စီးကြောင်းတွေမှာ စိတ်ခါတ် (mind set ) ပျက်စီးတာက ပိုဆိုးပါတယ်၊ စိတ်ခါတ် မကောင်းရင် ခံယူချက်လည်းပျက်၊ နယ်ပယ်အသီးသီး မှာ ပျက်စီးသွားပါတယ်။ အဖွဲ့အစည်းတွေမှာ တာဝန်ယူ၊ တာဝန်ခံမှုတွေ လျော့လာလို့ သိပ်ဆိုးရွား လာရင် အချင်းချင်း နားလည်မှု ယုံကြည်မှုပါ လျော့ကျပြီး ခေါင်းဆောင်မှုနဲ့ စည်းလုံးညီညွတ်မှု ကိုပါ ထိခိုက်လာတတ်ပါတယ်။ နောက်ဆုံး လူ အချင်းချင်း လူသားဝါဒပါကင်းမဲ့လာပြီး တိုက်ခိုက် သတ်ဖြတ်ခြင်းနဲ့သာ ဦးတည်ရာမဲ့လာကြတော့ တယ်။ ဒါကြောင့် အရာရာစိတ်ကသာ ရှေ့ဆောင် မှုတည်တာဖြစ်တဲ့အတွက် စိတ်ခါတ်တွေကို အရင် ပြောင်းသင့်တယ်လို့ယူဆခြင်း ဖြစ်ပါတယ်။ စိတ်ခါတ်မပြောင်းဘဲနဲ့တော့ အိတ်ပေါက်နဲ့ ဖားကောက်ဆိုသလို ဖြစ်နေမှာပါပဲ။

### နိုင်ငံအနေနဲ့လည်း ဤဗလငါးတန်ကိုသာ

လူ့အဖွဲ့အစည်းတစ်ခုအတွင်း ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ ဖွံ့ဖြိုးရေးကို ရယူလိုက ပညာအခြေခံ တဲ့ အထက်ပါအင်အားငါးရပ်ကို ပီပီပြင်ပြင် ထိထိ ရောက်ရောက် မတည်ဆောက်ဘဲနဲ့ လုံးဝမဖြစ်နိုင်ပါ ဘူး။ ကာယ၊ ဉာဏ၊ ဘောဂ ၊ စာရိတ္တ ၊ မိတ္တ ထိုအင် အားငါးရပ်ဟာ တစ်ခုနဲ့တစ်ခု အမှီသဟဲ အထောက်အပံ့ပြု အညမည ဖြစ်နေကြသလို ထိုသို့ ဖြစ်မှလည်း ဒီအင်အားတွေဟာ အတူတကွ ဖွံ့ဖြိုး တိုးတက်ပြီး သဟဇာတဖြစ်လာမှာပါ။

ကာယဗလဆိုရာမှာ လူငယ်တွေအတွက်တော့ ကျန်းမာခြင်းလာဘ်တစ်ပါး၊ နိုင်ငံအတွက်တော့ အရည်အသွေးပြည့်တဲ့လူ့စွမ်းအားမှသည် ခိုင်မာ တောင့်တင်းတဲ့ ကာကွယ်ရေးအင်အားဖြစ်လာသည် အထိ ယနေ့ခေတ်မှာ အရေးကြီးပါတယ်။

ဉာဏဗလဆိုရာမှာ ပညာတတ်လူငယ်တွေကို အခြေခံပြီး စဉ်းစားဉာဏ်နဲ့ ဆင်ခြင်ပိုင်းခြားတွေးခေါ် တတ်တဲ့ နိုင်ငံသားများနေထိုင်တဲ့ လူ့အဖွဲ့အစည်း မျိုး၊ ထိုသို့သော နိုင်ငံသားများကသာ နိုင်ငံကို ရေရှည်ဦးဆောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ခွန အင်အားဖြစ်တဲ့ ငွေကြေး၊ သယံဇာတ၊ လုပ်အား စတဲ့ စီးပွားအရင်းအမြစ်တွေ အားကောင်းဖွံ့ဖြိုး မှုဟာ ပြည်သူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်အသက်မွေး ဝမ်းကျောင်းလုပ်ငန်းတွေမှာ အောင်မြင်မှုရစေမယ့် အခွင့်အလမ်းတွေနဲ့လည်း ဆက်စပ်နေပါတယ်။

ရိုးသားဖြောင့်မတ်၊ ဝီရိယရှေ့ထားပြီး အတ္တ၊ ပရ မျှမျှတတနဲ့ ကျင့်ဝတ်နဲ့ညီတဲ့ လူငယ်တွေကို ပြုစုပျိုးထောင်နိုင်တာနဲ့အမျှ ဒီလိုစိတ်ခါတ်တွေနဲ့ တည်ထားတဲ့နိုင်ငံဟာ ဘယ်တော့မှ အပျက်ဘက်ကို ရောက်နိုင်စရာမရှိပါဘူး။ ပညာကြောင့် မိတ်ဆွေ အပေါင်းအသင်း ရွေးချယ်ပေါင်းတတ်လာပါမယ်၊ ဘယ်သူက မိတ်ဆွေတု၊ ဘယ်သူက မိတ်ဆွေစစ် ကွဲပြားလာပြီး နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုရင်လည်း ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံတွေရဲ့ ဝန်းရံခြံရံမှု ကို ရရှိလာနိုင်မှာဖြစ်ကာ ကမ္ဘာ့အလယ်မှာ ထည်ဝါ တင့်တယ်လာမှာ ဖြစ်ပါတယ်။

### ဉာဏဗလ အရင်းခံ၍

အခက်အခဲများ၊ ဖိအားများ၊ စိန်ခေါ်မှုများစွာနဲ့ အဘက်ဘက်မှာ အားနည်းချက်တွေရှိနေပေမယ့် ယနေ့ခေတ်မှာ သမိုင်းကြောင်းကောင်းအောင်၊ သမိုင်းကောင်း ရေးခွင့်ရသူတွေ နိုင်ငံမှာ အများကြီး ရှိနေပါတယ်။ စိတ်ပျက်အားလျော့စရာ မရှိသလို နောက်ကျခြင်းလည်းမရှိပါဘူး။ အထူးသဖြင့် လူငယ် တွေပါ၊ နောင်တတွေ၊ သင်ခန်းစာတွေကို အကျိုးရှိ အောင်အသုံးချတတ်ရင် အသုံးတည့်ပါတယ်။ ပုံပြင် ဆန်ဆန် သံဝေဂယူစရာတွေကြားထဲက ယိုင်တဲ့ နေရာပြန်တည့်၊ ကျနေတဲ့အားအင်တွေ ပြန်တက် လာအောင် အပြင်းအထန် ကြိုးစားရမယ့်အချိန် လည်းဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံရဲ့သမိုင်းကြောင်း ကိုတော့ နားလည်ထားဖို့ လိုပါတယ်။ စာများများ ဖတ်ပြီး သုံးသပ်နိုင်စွမ်းကသာ အမှားကို အရင်းခံတဲ့၊ အပြုသဘောမဆန်တဲ့ စိတ်ခံစားမှုတွေကို လျှော့ချ ပေးနိုင်မှာဖြစ်ပြီး ယနေ့ ပကတိအခြေအနေမှန်ကို လည်း အနီးစပ်ဆုံး ပုံဖော်လာနိုင်မှာဖြစ်ပါတယ်။

ရှေးဘုရင်များခေတ်မှစပြီး ခေတ်အဆက်ဆက် နိုင်ငံသမိုင်း၊ ဘာသာသာသနာနဲ့ တပ်မတော်သမိုင်း တွေကို သိခွင့်လည်းရ၊ သိအောင်လည်းလေ့လာ နေမှသာ... နိုင်ငံသားတွေမှာ ဇာတိသွေး ဇာတိမာန် တွေ မြင့်တက်လာပါမယ်၊ နိုင်ငံနဲ့လူမျိုးကို ချစ်တဲ့စိတ်၊ မြန်မာဆိုတဲ့အမည်နဲ့ ဘာသာသာသနာကို ချစ်မြတ်နိုး တဲ့စိတ်တွေ တဖွားဖွား ပေါ်လာပါမယ်။ သမိုင်းကျေ တဲ့အတွက် အတိတ်နဲ့ပစ္စုပ္ပန် ပြည်တွင်းနဲ့ပြည်ပ ပယောဂတွေကို ချိတ်ဆက်ပြီး ဆက်စပ်သိမြင်လာပါ မယ်၊ နိုင်ငံသမိုင်းကို ကမ္ဘာ့သမိုင်းနဲ့ပါ ယှဉ်တွဲသိလာ ပြီး အမြော်အမြင်ရှိရှိနဲ့ အနာဂတ်အမြင်ကိုပါ ဖော်ထုတ်တတ်လာမယ်၊ ကိုယ်ကျိုးအတ္တများတဲ့ ခံယူချက်ကနေ အများအတွက်ဆိုတဲ့ခံယူချက်ဆီကို ပြောင်းလဲလာမယ်ဆိုတာ ပြောရပါတယ်။

ညံ့တဲ့ခေါင်းဆောင်တွေကြောင့် ညံ့တဲ့ခေတ်တွေ ရှိခဲ့သလို တော်တဲ့ ကောင်းတဲ့ ခေါင်းဆောင်တွေ ခေတ်မှာ နိုင်ငံတိုးတက်ခဲ့တာကို ခွဲခြားမြင်နိုင်စွမ်း ရှိလာပါလိမ့်မယ်။ ခေါင်းဆောင်ကောင်းနဲ့ စည်းလုံး ညီညွတ်မှုဟာ ခေတ်အဆက်ဆက်မှာ အရေးကြီး ကြောင်း သမိုင်းသာဓကများစွာ ရှိခဲ့ပြီးလည်း ဖြစ်ပါ တယ်။ ငြိမ်းချမ်းရေးဟာ အနာဂတ်မျိုးဆက်အတွက် ဘယ်လောက်အရေးကြီးကြောင်း မိမိကိုယ်တိုင် သိလာရတဲ့အခါ ယနေ့ခေတ်ခေါင်းဆောင်တွေ အနေနဲ့ အားလုံးပါဝင်တဲ့ ညီညွတ်မှုတစ်ခုခုကို ဘာကြောင့် မရရအောင် တည်ဆောက်နေကြရသလဲ ဆိုတဲ့အသိ သိမြင်စွမ်းအားများလည်း မြင့်မားလာ ပါလိမ့်မယ်။

### ပညာအသိနဲ့ ခိုင်မာတဲ့ စာရိတ္တအခြေခိုင်ရင်

ကမ္ဘာ့သမိုင်းကိုကြည့်ရင် နိုင်ငံသားတွေလည်း ညံ့၊ ခေါင်းဆောင်တွေလည်း ညံ့တဲ့ တိုင်းပြည်တွေ ဟာ ဆုတ်ယုတ်ပျက်စီးမှု မြန်ဆန်ကြောင်း တွေ့ရပါ တယ်။ လေ့လာတဲ့အခါ အင်အားဖရိုဖရဲနဲ့ ဆင်းရဲတဲ့ နိုင်ငံငယ်တွေအပေါ် ပြင်ပအင်အားကြီးတွေရဲ့ ဘေးပယောဂကြောင့်လည်း ပါပါတယ်။ တဖြည်းဖြည်း ဆုတ်ယုတ်အားနည်းလာပြီး အားနည်းရာကနေ ကျဆုံး၊ နောက်ဆုံးအလုံးစုံပြိုလဲအဆင့်တွေအထိ ရောက်သွားတဲ့ ဒီမိုကရေစီနဲ့လစ်ဘရယ် မရင့်ကျက် သေးတဲ့နိုင်ငံတွေရဲ့ဥပမာများစွာကို သင်ခန်းစာယူ စေချင်ပါတယ်။ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်စီမံမှုနယ်မြေများ အရေး၊ ရာဇဝတ်မှုခင်း၊ မူးယစ်၊ လက်နက် စတဲ့ အရေး ကိစ္စတွေကို ဗလငါးတန်အခြေခံတဲ့ အမျိုးသားရေး အားမာန်တွေကတစ်ဆင့်သာ ရှောင်ရှားတိုက်ဖျက် ရပါမယ်။

ဒီမိုကရေစီဆိုတဲ့ အယူအဆဟာ ဉာဏနဲ့စာရိတ္တ ဗလကိုမှအခြေမခံရင် အလုပ်မဖြစ်ပါဘူး။ မြင့်မားတဲ့ ပညာအသိနဲ့ ခိုင်မာတဲ့စာရိတ္တကြောင့်သာ စည်းမဲ့ ဘောင်မဲ့မဖြစ်၊ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းအချို့ကို ယနေ့မြင်တွေ့ခွင့်ရတာ ဖြစ်ပါတယ်။ ပညာနဲ့ စိတ်ခါတ် ချို့တဲ့ခြင်းမှတစ်ဆင့် တာဝန်ယူမှုမရှိတဲ့ လွတ်လပ်ခွင့်၊ တလွဲအယူစွဲတွေကြောင့်လည်း ဒီမို ကရေစီဟာ အကျည်းတန်နေရခြင်းဖြစ်ကြောင်းကို ယနေ့အချိန်မှာ သင်ခန်းစာကျေညက်သင့်ကြပြီလို့ ယူဆပါတယ်။

### ငါ ဆိုတဲ့ တစ်ဦးချင်း အခွင့်အရေးမှာ ရပ်တည်ခဲ့ကြလို့

ကျွန်တော်တို့ကိုယ်တိုင် တစ်ဦးချင်းအခွင့်အရေး ကို ဦးစားပေးရမယ်ဆိုတဲ့ အမြင်ကြီးကို လက်ခံမိခဲ့ ပါသလား... ပြန်စဉ်းစားကြည့်မိပါတယ်။ လက်ခံပုံ မတူကြတဲ့အပြင် အသုံးချပုံတွေမှာပါ ကွဲပြားခဲ့ ကြတာကို မေ့လျော့ခဲ့ကြပြီး လုံးဝမသိတာထက် ခပ်တိမ်တိမ်အသိက ပိုဆိုးကြောင်း ဝန်ခံပါတယ်။ တစ်ဦးချင်းလွတ်လပ်ခွင့်ကို အခွင့်အရေးနဲ့ ယှဉ်ပြီး မကောင်းတဲ့နေရာမှာ မကောင်းတဲ့သူတွေက အသုံးချ ဖြစ်တဲ့အထိ ကံဆိုးမိုးမှောင်ကျသွားတဲ့အခါ အခုလို အချိန်မှာ လူ့အသက်ပေါင်းများစွာနဲ့ ဆုံးရှုံးပျက်စီးမှု အရာအားလုံးအတွက် လိပ်ပြာမသန့်ခဲ့ပါဘူး။

### အသိအမြင်တွေကို ယနေ့လူငယ်တွေ နားလည်အောင် မျှဝေဖို့

ကျွန်တော်တို့အားလုံး ရင့်ကျက်မှုတစ်ခုအထိ ရောက်ဖို့ မစောင့်နိုင်ခဲ့ကြဘူး။ ငါ့လူမျိုး၊ ငါ့ဒေသ၊

စာမျက်နှာ ၁၂ သို့ ✣

> **အခက်အခဲများ၊ ဖိအားများ၊ စိန်ခေါ်မှုများစွာနဲ့ အဘက်ဘက်မှာ အားနည်းချက်တွေ ရှိနေပေမယ့် ယနေ့ခေတ်မှာ သမိုင်းကြောင်းကောင်းအောင်၊ သမိုင်းကောင်းရေးခွင့်ရသူတွေ နိုင်ငံမှာ အများကြီးရှိနေပါတယ်။ စိတ်ပျက်အားလျော့စရာ မရှိသလို နောက်ကျခြင်းလည်း မရှိပါဘူး။ အထူးသဖြင့် လူငယ်တွေပါ၊ နောင်တတွေ၊ သင်ခန်းစာတွေကို အကျိုးရှိအောင် အသုံးချတတ်ရင် အသုံးတည့်ပါတယ်။ ဒါပေမဲ့ နိုင်ငံရဲ့သမိုင်းကြောင်းကိုတော့ နားလည် ထားဖို့လိုပါတယ်။ စာများများဖတ်ပြီး သုံးသပ်နိုင်စွမ်းကသာ အမှားကို အရင်းခံတဲ့၊ အပြုသဘောမဆန်တဲ့စိတ်ခံစားမှုတွေကို လျှော့ချပေးနိုင်မှာဖြစ်ပြီး ယနေ့ ပကတိအခြေ အနေမှန်ကိုလည်း အနီးစပ်ဆုံးပုံဖော်လာနိုင်မှာဖြစ်**

# မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင် စုစုပေါင်း ၅၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။



ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်း ပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှု အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ် ပြသထားမှု မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနဒ္ဓဇ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများအား ယခုလိုကြားသိခဲ့ရပါသည်-



၁။ အဘကတော့ မွန်ပြည်နယ်အစိုးရရဲ့စီစဉ်ပေးမှုနဲ့ မွန်ပြည်နယ်နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအဖွဲ့နဲ့ပါလာတဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ နေပြည်တော်မှာရှိတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးကို လာရောက်ဖူးမြော်ရတာရင်ထဲမှာ အတိုင်းမသိ အလွန်ကြည်နူးပီတိဖြစ်ရပါတယ်။ အရင်တုန်းက ဒီဘုရားကြီးစပြီး တည်ခဲ့တာတွေကအစ အဆင့်ဆင့် ဌာပနာသွင်းတာ၊ ဘုရားအနေကဇာတင်တာ အကုန်လုံးကို မြဝတီရုပ်သံမှာ ညစဉ်ညစဉ်မပြတ်သတင်းမှာ အမြဲကြည့်ရှုခဲ့ရပါတယ်။ ဒါပေမဲ့ ဖန်သားပြင်ပေါ်ကနေ ဖူးမြော်ခွင့်ရတာပေါ့။ အခုလို နိုင်ငံတော်အကြီးအကဲရဲ့အစီအစဉ်၊ မွန်ပြည်နယ် အစိုးရအဖွဲ့အစီအစဉ်နဲ့ အခုလို နိုင်ငံ့ဝန်ထမ်း အငြိမ်းစားတွေကို ကုသိုလ်ပွားများနိုင်ဖို့ ဦးဆောင်ပေးခဲ့ရတဲ့ မွန်ပြည်နယ် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအဖွဲ့များရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ အထူးဝမ်းသာပီတိဖြစ်မိပါတယ်ဆိုတဲ့အကြောင်း ပထမတင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ ပိုပြီးတော့ပီတိဝမ်းသာအံ့မခန်းဖြစ်ရတာကတော့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တာနဲ့အညီ တစ်ချိန်တည်း တစ်ပြိုင်ထဲမှာ ၇၆ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးမှာ (၁၆)ပါးမြောက် အဖြစ်နဲ့ သာသနဒ္ဓဇာနည် မြင်းမူမြို့နယ်က သာသနဒ္ဓဇာနည် ဦးပညာသီရိလင်္ကာရက ထေရဝါဒနိုင်ငံမှာ တိပိဋကဓရ တိပိဋကကောဝိဒ (၁၆)ပါးမြောက် ပေါ်ထွန်းခဲ့တာနဲ့ လာပြီးဆုံတဲ့အတွက် ပိုပြီးတော့ပီတိဖြစ်ရတယ်ဆိုတဲ့အကြောင်း တင်ပြချင်ပါတယ်။ အဘတို့လိုပဲ ကျန်ရှိနေသေးတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေလည်း ဒီမာရဝိဇယဗုဒ္ဓရုပ် ပွားတော် မြတ် ကြီးကို အချိန်မရွေး လာရောက်ဖူးမြော်ကြပါလို့ လှိုက်လှိုက်လှဲလှဲနဲ့ နိဗ္ဗာန်ကို အကျိုးမျှော်ပြီး ဖိတ်ခေါ်လိုပါတယ်။




၂။ ဘုရားကြီးကိုရော ဂန္ဓကုဋိတိုက်ကိုပါ အစုံပဲ ဖူးမြော်ခွင့်ရပါတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုရင်တော့ ဒီလောက်စုံမှာမဟုတ်ဘူး အခုလိုဖူးမြော်ရတာကတော့ သာသနာအတွက် လက်ရှိ ဒီအချိန်မှာ ဒီလိုတည်ဆောက်နိုင်တဲ့ အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါတယ်။ ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ အများကြီးဂုဏ်ယူပါတယ်။



၃။ ဘုရားပေါ် ရောက်တာနဲ့ ရင်ထဲမှာအေးချမ်းပြီးတော့ စကျင်ကျောက်တွေ ဖြစ်တဲ့အတွက် စိတ်ထဲလည်း အေးချမ်းတယ်။ စိတ်ချမ်းသာမှုလည်း ရရှိပါတယ်။ အဲဒီကနေပြီးတော့ အစ်မတို့က ဒီ ၂၄ ပစ္စည်းနဲ့ပေ့ါနော် ပြုလုပ်ထားတဲ့ ပိဋကတ်တိုက်တော်တွေကိုလည်း သွားရောက်ဖူးမြော်ရတယ်။ အချပ်ရေ ၇၀၀ ကျော်ရှိတဲ့ ကျောက်စာတွေကို အစ်မတို့က လာရောက်ပြီးတော့ လေ့လာဖူးတွေ့ရတယ်။ ဒီကနေကြည့်လိုက်ရင် တန်းစီပြီးတော့ ညီညီညာညာနဲ့ တည်ထားတာကို တွေ့ရမယ်။ ဘယ်နေရာကနေ ကြည့်ကြည့် တစ်ဖြောင့်တည်း တန်းစီနေတဲ့အတွက် ဝင်ရောက်ပြီးလေ့လာရတဲ့အခါမှာ ကြည်နူးရတယ်။ ဒီကျောက်စာရုံစေတီတွေကြားထဲကနေလည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုဖူးတွေ့နိုင်သလို ဘယ်နေရာကနေပဲ ကြည့်လိုက်ကြည့်လိုက် အေးချမ်းပြီးတော့ ထင်ထင်ရှားရှားနဲ့ ဖူးတွေ့ရတယ်။ အစ်မတို့ အခုဖူးတွေ့ရတာဆိုရင် ကုသိုလ်ကံထူးလို့ ဖြစ်ပါတယ်။ အရမ်းလည်း စိတ်ကြည်နူးရပါတယ်။ အေးချမ်းမှုလည်းရတယ်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေအနေနဲ့လည်း အခုလို ထူးခြားပြီး ကမ္ဘာမှာရှိတဲ့ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်တွေအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြပါလို့ စိတ်အားထက်သန်စွာဖြင့် ဖိတ်ခေါ်အပ်ပါတယ်။ အခုလို စိတ်အေးချမ်းသာစွာ ဖူးမြော်ခွင့်ရအောင်စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောလိုပါတယ်။

**သတင်းစဉ်**

❖

✣ စာမျက်နှာ ၁၁ မှ

ငှါအရင်းအမြစ် စတဲ့ ငါဆိုတဲ့ တစ်ဦးတစ်ယောက်အခွင့်အရေးမှာသာ ရပ်တည်ခဲ့ကြလို့ လူတွေအားလုံးနဲ့ ဖွဲ့စည်းထားတဲ့ လူ့အဖွဲ့အစည်း၊ လူမျိုးစု အားလုံးနဲ့ ဖွဲ့စည်းထားတဲ့ တိုင်းရင်းသားထုကြီး၊ အစဉ်အလာ ပထဝီဒေသအနှံ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကြီး မပြိုကွဲအောင် ယနေ့အချိန်မှာ အပြင်းအထန် ကြိုးစားနေရပါတယ်။ ယနေ့အခြေအနေတွေက အတ္တဘက်ပိုရောက်နေတဲ့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း အခွင့်အရေးကို ဦးစားပေးနေခြင်းတွေကြောင့်ဆိုတာ ယနေ့လူငယ်တွေမြင်တတ်ရင်ကို ကျေနပ်စရာကောင်းနေပါပြီ။ ဘာပဲဖြစ်ဖြစ် အချိန်မီပါသေးတယ်။ အဓိကအရေးကြီးဆုံးက ပြည်ထောင်စုကြီးနှင့် အမျိုးဘာသာ၊ သာသနာအတွက်ဆိုတဲ့ အသိအမြင်တွေကို အနာဂတ်ကို ထုဆစ်မယ့် ယနေ့လူငယ်တွေ ကျယ်ကျယ်ပြန့်ပြန့်လက်ခံလာအောင်နဲ့ နားလည်သဘောပေါက်အောင် အမြန်မျှဝေဖြန့်ကြက်ဖို့ပါပဲ။

အချုပ်တင်ပြချက်အနေနဲ့တော့ အခုအချိန်မှာ ဦးစားပေးက ကျွန်တော်တို့ ကိုယ်တိုင်က စိတ်ဓာတ်တွေ၊ ခံယူချက်တွေ ပြုပြင်ကြဖို့ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ ဒေသတစ်ခု၊ လူတစ်စု အခွင့်အရေးထက် အားလုံးရဲ့စုစည်းညီညွတ်အားဖြင့် ပညာအခြေခံ ခိုင်မာအားကောင်းတဲ့ လူ့အဖွဲ့အစည်းကြီးဖြစ်ဖို့က အဓိက အခရာဖြစ်နေပါပြီ။

- နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဗလငါးတန်မှ တစ်ဆင့် ကျွန်တော်တို့နိုင်ငံတော်ကြီးရဲ့ အရင်းအမြစ်အင်အားကို စုစုစည်းစည်းနဲ့ ခိုင်မာအောင်တည်ဆောက်ပြီး နိုင်ငံရဲ့ နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာကို အကောင်းဆုံးထိန်းချုပ်နိုင်အောင် ကြိုးစားကြပါစို့။
- ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေနဲ့ ရန်သူနည်းနိုင်သမျှနည်းအောင် ကြိုးစားပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်အောင် အစွမ်းကုန်ကြိုးစားအားထုတ်ကြပါစို့။
- အမျိုးသားရေးအားမာန်နဲ့ အမျိုးဘာသာသာသနာတာဝန်ကို ကျေပွန်စွာထမ်းရွက်ကြပါစို့...ဟူ၍သာ အလေးထားတင်ပြလိုက်ရပါတယ်။ ။




# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ကျင်းပသည့် နိုင်ငံတကာအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ သမ္မတပူတင် တက်ရောက်

**ကာဇန် ဖေဖော်ဝါရီ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပခဲ့သည့် နိုင်ငံတကာ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင် တက်ရောက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည့် အဆိုပါအားကစားပွဲကို လက်တွေ့မြေပြင်တွင် ကစားရသည့် အားကစားနည်းနှင့် esports ပေါင်းစပ်၍ ကျင်းပခြင်းဖြစ်သည်။ ၎င်းအားကစားပြိုင်ပွဲသို့ ဘီလာရုသမ္မတ အလက်ဇန်းဒါးလူကာရှန်ကို အပါအဝင် ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ကာဂျစ္စတန်နိုင်ငံတို့မှ သမ္မတများလည်း တက်ရောက်ခဲ့သည်။

ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ထိပ်တန်းအားကစား အင်အားကြီးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ကြောင်း ၎င်း၏ မိန့်ခွန်းတွင် ပူတင်က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ အမြဲတမ်းအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဟားမတ်စ်အဖွဲ့၏ အဆိုပြုချက်ကို လက်မခံဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ထပ်မံပြောကြား

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၂**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ဂါဇာကမ်းမြောင်ဒေသ၌ အမြဲတမ်းအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဟားမတ်စ်အဖွဲ့၏ အဆိုပြုချက်ကို လက်မခံကြောင်း ယမန်နေ့က ထပ်မံသတိပေး ပြောကြားသည်။

**ရပ်တန့်သွားမည်မဟုတ်**

အစ္စရေးသည် ၎င်း၏ ရည်မှန်းချက်များသို့ မရောက်ရှိမီ လက်ရှိဖြစ်ပွားလျက်ရှိသည့်စစ်ပွဲကို ရပ်တန့်သွားမည်မဟုတ်ကြောင်း နေတန်ယာဟုက စစ်ဘက်ဆိုင်ရာ အဆောက်အအုံတစ်ခု၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဟားမတ်စ်တို့ ဖမ်းဆီးထားသည့် ဓားစာခံများကို လွှတ်ပေးရန် လိုလားလျက်ရှိသော်လည်း ဟားမတ်စ်အဖွဲ့က တောင်းခံထားသည့် စစ်လျော်ကြေးငွေကို ပေးဆောင်ရန် ပြင်ဆင်ထားခြင်းမရှိကြောင်း နေတန်ယာဟုက ဆက်လက်ပြောသည်။

ဟားမတ်စ်အဖွဲ့သည် စစ်ပွဲများ အပြီးတိုင်ရပ်စဲရေးအတွက် အပြင်းအထန် တောင်းဆိုလျက်ရှိသည်။

ဂါဇာတွင် ထိန်းသိမ်းခံထားရသော ဓားစာခံများ၏ မိသားစုများသည် ၎င်းတို့၏ မိသားစုဝင်များကို လွှတ်ပေးရန် တောင်းဆိုသည့် စုဝေးပွဲတစ်ခု ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



လက်ရှိတွင် အစ္စရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲများကို အရှိန်မြှင့်တိုက်ခိုက်လျက်ရှိသည့်အတွက် ဂါဇာဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ပိုမိုပြင်းထန်လျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသရှိအိမ်ထောင်စုများ၏ ၆၄ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ထမင်းတစ်နပ်သာ စားနေကြရသည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ ထုတ်ပြန်သည့် အရေးပေါ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကူးစက်ရောဂါများ ခံစားနေရ**

ကလေးငယ် ၄၀ မှ ၅၀ ရာခိုင်နှုန်းသည် အသည်းရောင်ရောဂါနှင့် အဆုတ်ရောင်ရောဂါကဲ့သို့သော ကူးစက်ရောဂါများ ခံစားနေရသည်ဟု တောင်ပိုင်းမြို့တော် ရာဖာမှ ဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးက ဆိုသည်။

စစ်ဘေးရှောင် ရွှေ့ပြောင်းသူများ အပါအဝင် ပြည်သူ ၁ ဒသမ ၅ သန်းနီးပါး ရာဖာမြို့၌ နေထိုင်လျက်ရှိသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ လျှပ်စစ်ကားနှင့် လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်မှု မြှင့်တင်မည်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၂**

ထိုင်းနိုင်ငံသည် လျှပ်စစ်ထရပ်ကား၊ ဘတ်စ်ကားများနှင့် လျှပ်စစ်ကား ဘက်ထရီများ ထုတ်လုပ်မှုကိုမြှင့်တင်ရန် မက်လုံးပေးမည့် အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အမျိုးသား လျှပ်စစ်ယာဉ် မူဝါဒကော်မတီက ယမန်နေ့တွင် ပြောကြားသည်။

၎င်းကော်မတီသည် ကုန်တင်ကားကြီးများနှင့် ဘတ်စ်ကားများကို လျှပ်စစ်ကားများအဖြစ် ပြောင်းလဲရန်နှင့် လျှပ်စစ်ကားဘက်ထရီများကို ပြည်တွင်းတွင် ထုတ်လုပ်ရန်အတွက် ထောက်ပံ့ကြေးများကို အတည်ပြုခဲ့သည်။

**ပြောကြား**

ယခုအစီအစဉ်သည် လျှပ်စစ်ထရပ်ကားများနှင့် ဘတ်စ်ကားများကို တိုးမြှင့်အသုံးပြုရန်၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လေထုညစ်ညမ်းမှုကို လျှော့ချရန်နှင့် အသားတင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုညအဆင့်သို့ ရောက်ရှိရေးဆောင်ရွက်နေသည့် လျှပ်စစ်ကားကုမ္ပဏီများ၏ ခြေလှမ်းများကို ပံ့ပိုးကူညီရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ အမျိုးသားလျှပ်စစ်ယာဉ် မူဝါဒကော်မတီအတွင်းရေးမှူး Narit Therdsteer–asukdi က ပြောကြားသည်။




ထိုင်းနိုင်ငံသည် လျှပ်စစ်ကားထုတ်လုပ်ရေးတွင် အရှေ့တောင်အာရှဒေသ၌ ထိပ်တန်းမော်တော်ယာဉ်ထုတ်လုပ်သည့် နိုင်ငံအဖြစ် ရပ်တည်နေသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဆော်ဒီအာရေဗျနိုင်ငံ၌ မီဒီယာဆိုင်ရာ ဉာဏ်ရည်တုနည်းပညာစင်တာ ဖွင့်လှစ်

**ရီယာဒ် ဖေဖော်ဝါရီ ၂၂**

ဆော်ဒီအာရေဗျနိုင်ငံ၌ မီဒီယာဆိုင်ရာဉာဏ်ရည်တုနည်းပညာစင်တာကို ဖေဖော်ဝါရီ ၂၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ထိပ်တန်းနိုင်ငံဖြစ်လာရေး**

နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် မီဒီယာဆိုင်ရာ နည်းပညာနယ်ပယ်တွင် ထိပ်တန်းနိုင်ငံဖြစ်လာရေးရည်မှန်းချက်အရ နည်းပညာဆိုင်ရာ ပံ့ပိုးမှုအဖြစ် ယခုစင်တာကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံ၏ မီဒီယာကဏ္ဍသည် ယမန်နှစ်အတွင်းက ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးအဖြစ် အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၇ ဘီလီယံကို ရှာဖွေပေးခဲ့ကြောင်း မီဒီယာဝန်ကြီး ဆယ်လမင် ဗင်ယူဆွတ်က ပြောကြားသည်။

ယမန်နှစ်အတွင်း မီဒီယာကဏ္ဍတွင် အလုပ်အကိုင်ပေါင်း ၅၆၀၀၀ ကို ဖန်တီးပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အလုပ်အကိုင်နေရာ ၆၇၀၀၀ အထိ တိုးတက်ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေး-ဟားမတ်စ် ပဋိပက္ခဖြစ်ပွားသည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူပေါင်း ၂၉၄၁၀ အထိ ရှိလာ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၂**

အစ္စရေး–ဟားမတ်စ် ပဋိပက္ခဖြစ်ပွားသည့် အချိန်မှစပြီး လက်ရှိအချိန်အထိ ပါလက်စတိုင်း သေဆုံးသူပေါင်း ၂၉၄၁၀ အထိရှိလာပြီး ၆၉၄၆၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၉၇ ဦး သေဆုံးပြီး ၁၃၂ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

**လေကြောင်းမှ ဗုံးကြဲ**

ဂါဇာတောင်ဘက် အယ်လ်ဆာဘရာနှင့် အယ်လ်ဇေတွန် ရပ်ကွက်များရှိ နေအိမ်အများအပြားကိုလည်းလေကြောင်းမှ ဗုံးကြဲခဲ့ရာ ကလေးငယ်များ အပါအဝင် ပါလက်စတိုင်း အနည်းဆုံး ၂၀ သေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များက ပြောကြားသည်။

အလားတူ ဂါဇာကမ်းမြောင်တောင်ဘက်ရှိ ကမ်ယွန်နစ်မြို့တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် မြို့လယ်ရှိ လူနေအိမ်များကို ထိမှန်ခဲ့ရာ လူ ၂၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■



# ကောလင်းမြို့တွင်း ဝင်ရောက်နေရာယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပေါ်နှင့်ကျေးရွာများအား မီးရှို့ရန် ညွှန်ကြားထားသော အသံဖိုင်ထွက်ပေါ်နေကြောင်း သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ပေါ်သို့ ဝင်ရောက်တပ်စွဲနေရာယူထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကောလင်းမြို့ရှိ ကျေးရွာများကိုမီးရှို့ရန်စေခိုင်းသည့် အသံဖိုင်တစ်ခုထွက်ပေါ်လာကြောင်း၊ အဆိုပါအသံဖိုင်တွင်ဆေးမင်းခံကျေးရွာအား မီးရှို့ရန် လုံခြုံရေးတပ်ဖွဲ့ဝင်အရာရှိတစ်ဦးက ဆက်သွယ်ရေးစကားပြောစက်ဖြင့် အမိန့်ပေးစေခိုင်းသည့်ပုံစံမျိုး ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံထားသည့် အသံဖိုင်တစ်ခုကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကောလင်းမြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းအသံဖိုင်သည် ပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံဖန်တီးထားသည့် အသံဖိုင်သာဖြစ်ကြောင်း၊ KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကောလင်းမြို့တွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် ကောလင်းမြို့တွင်း၌ မိုင်းရှင်းလင်းခြင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်း၊ ကျေးရွာများအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခြင်းများကြောင့် ဒေသခံပြည်သူများ၏နေအိမ်များ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ပြည်သူအချို့ ထိခိုက်၊ သေဆုံးခဲ့ရကြောင်း သိရသည်။




**သတင်းစဉ်**

■

# မြောင်းမြမြို့ရှိ သက်ဆိုင်ရာဌာနများမှ အစိုးရဝန်ထမ်းများ စစ်မှုထမ်းဥပဒေအရ ဌာနတစ်ခုလျှင် ဝန်ထမ်းနှစ်ဦးစီ စစ်မှုထမ်းရမည်ဖြစ်ကြောင်း ကောလာဟလသတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ သက်ဆိုင်ရာဌာနများမှ အစိုးရဝန်ထမ်းများကို စစ်မှုထမ်းဥပဒေအရ ဌာနတစ်ခုလျှင် ဝန်ထမ်းနှစ်ဦးစီ စစ်မှုထမ်းရန်အတွက် ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်စာရင်းပေးရမည်ဖြစ်ကြောင်း ကောလာဟလသတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က အများပြည်သူအထင်အမြင်လွဲမှားဖွယ် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။




ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး လူငယ်လူရွယ်များနှင့် မိဘပြည်သူများအပြင် နိုင်ငံ့ဝန်ထမ်းများကိုပါ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ကောလာဟလသတင်းအမှားများ၊ လုပ်ကြံဝါဒဖြန့်သတင်းများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ပြဋ္ဌာန်းချက်များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာစသည့် တစ်ဦးတစ်ယောက် တစ်မြို့တည်းကိုသာ သက်ရောက်မှုရှိခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ မြို့ရွာများမှ အကျုံးဝင်သူအားလုံးနှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့်အတွက် ကောလာဟလသတင်းများကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမရှိစေရန်နှင့် သိရှိနားလည်စေရန်အတွက်လည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

အကြမ်းဖက် အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Pelenda” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ဗလင်ဒါ(ခ)အိအိထွန်းအား နံနက် ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “ကျော်ရဲနိုင်” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သစ်ယာကုန်းကျေးရွာနေ ကျော်ရဲနိုင်အား မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၂-၂၀၂၄ သောကြာနေ

**MRTV HD**

**၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ‘သဘာဝအလှတရားတို့ထိတွေ့ခဲ့ရာသည့်တစ်ဘဝ’ (တောကျယ်)
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားသတင်းများ
**၁၂:၃၅** မြန်မာဇာတ်လမ်းတွဲ **‘အုံ့ဘွယ်ချစ်ပုံပြင်’** (အပိုင်း-၁၅)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **‘ပြည့်စုံခြင်းအိပ်မက်’** (အပိုင်း-၃၂)
**၁၅:၂၀** လူငယ်ရေးရာအစီအစဉ်
**၁၆:၃၅** မျိုးဝင်္ကတင့်စေဆိုကရေးတီးအငွေ
**၁၇:၀၅** ငေါက်ယာစုပြုလုပ်နည်း
**၁၇:၂၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြ မြန်မာတေးအလှ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ **‘အုံ့ဘွယ်ချစ်ပုံပြင်’** (အပိုင်း-၁၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ် **‘ကျေးလက်ရနံ့’** တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၂)
**၂၂:၁၀** မြန်မာဇာတ်လမ်းတွဲ ‘ရပ်ကွက်ထဲမှာဒီလိုပဲ’ (အပိုင်း-၁၃)

**mitv**

**07:01** Evergreen Classic: Zambudipar (Shwe Yee Win)
**07:09** Myanmar Guitarist
**07:33** Weaving Craft for a living
**07:47** Hsig Khaung Village In Hsihseng
**08:01** News
**08:26** Journey To The Mogok (Part-2)
**08:53** Myanmar Traditional Snacks: Mounhsi Gyaw
**09:01** Listening Pleasure, Instrumental Music (Mandolin) Special Show
**09:14** Nyan Yoe Lighting Festival
**09:31** San Lin Tun (Winner) Lose2Win with Andy Season 2
**09:47** Safari World
**10:01** News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၈:၀၀)**
ထူးဆန်းထွေရာရခိုင့်ဓလေ့ရိုးရာ (ငါးလေလံအကြောင်း)
**ရှမ်း (၈:၀၀ မှ ၁၀:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအငွေ့(ရှင်ပြုပွဲ)
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
BIN SU ICE - CREAM
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ရှုမြင်စေချင်ကော်ယော်(မိုနု)တို့ရဲ့ ဓလေ့အသွင်
**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ရိုးရာအဆင်များဖြင့် ပေါ်လွင်လှပနေသောဗိနပ်လေးများ
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
မှော်ဆန်တဲ့အလှတရားများရှိရာငှက်ကျွန်း
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အိမ်နောက်ဖေးတွင်စျေးဆိုင်တည်ခြင်း
**ချင်း (လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)**
ဘုရားအတွက်ဘဝကိုဆက်ကပ်ထားသူတေးသံရှင်ဝန်ဒုထန်း
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၈)
**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
ရာသီစာသပြုသီးဟင်းလျာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ECONOMIC REVIEW
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၁၅** ရသစုံစွာ၍မြေကမ္ဘာ
**၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း(LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **‘အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ဥပဒေမှာ’**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** PR SYSTEM စကားဝိုင်း
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (ပြည်သူ့စစ်မှုထမ်းဥပဒေ)
**၁၈:၀၀** Economic Review (၂၀၂၄ ခုနှစ်အတွက် ကားလောကသုံးသပ်ချက်)

**MRTV FARMERS' HTV Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၁၅** စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၁၅** စိုက်ပျိုးမွေးမြူသုတဘက်
**၁၈:၀၀** ပြောကြည့်လေရင်ထဲပေါ့သွားတာပေါ့ (ဇာတ်လမ်း)
**၂၂:၀၀** Barbie (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၇:၄၅** Sport Dairy
**၁၆:၃၀** MNL 2022 Match (Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၁၅** Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မုဒ္ဒုန်းကျေးရွာ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် သိန်း ၁၁၀ ကျော် ပေးအပ်



ချောင်းဆုံ ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုဒ္ဒုန်းကျေးရွာ ရပ်ကွက်အမှတ်(၁၂)တွင် ဖေဖော်ဝါရီ ၂၀ ရက်က ဆိုလာဘတ္တရီ အိုးပေါက်ကွဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၉ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး မီးဘေးသင့်ပြည်သူများအား ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက မုဒ္ဒုန်းကျေးရွာခန်းမ၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းများက စားသောက်ကုန်များ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ်သိန်း ၁၁၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က မီးဘေးသင့်ပြည်သူများနှင့် ထပ်တူဝမ်းနည်း ရပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အကူအညီများပေးမည်ဖြစ်ကြောင်း၊ အရေးကြီးစာရွက်စာတမ်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မီးဘေးသင့်ပြည်သူများအား အားပေးနှစ်သိမ့်စကား ပြောကြားကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက မီးဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ မီးဘေးသင့်နေအိမ် ၁၉ လုံးမှ မိသားစုဝင် ၅၈ ဦးအား မွန်ပြည်နယ်အစိုးရအဖွဲ့က လူသုံးကုန်ပစ္စည်းနှင့် ထောက်ပံ့ငွေ စုစုပေါင်းငွေ ဖြ၉၈၈၄၆၄ ကျပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လူသုံးကုန်ပစ္စည်းနှင့် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၅၃၆၇၅၀၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက လူသုံးကုန်ပစ္စည်းနှင့် ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၃၉၂၁၈၀၀ နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေ ၁၁၀၁၉၄၄၆ ကျပ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်

သထုံ ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင်ပြည်သူ့ဆေးရုံကြီး အရှေ့ရှိ လူနာစောင့်နားနေဆောင်၌ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များကိုရောင်းချပေးခြင်း၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြစိမ်းရောင်(နို့စားနွား) မွေးမြူရေးအစုအဖွဲ့တို့ပူးပေါင်းကာ နွားနို့တိုက်ကျွေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်တို့ကို ပံ့ပိုးပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

○ မြန်မာနိုင်ငံမှ

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက ဝါသနာရှင်အဆင့် (အမျိုးသမီး)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၄၄ ချက်ဖြင့် ဒုတိယဆုရရှိသော ခိုင်ဇင်အောင်၊ စုစုပေါင်းရိုက်ချက် ၂၃၁ ချက်ဖြင့် ပထမဆုရရှိသော ပြုံးပြုံးထွေးတို့ကို ဆုပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် နာယက ဦးဝင်းလှိုင်က ဝါသနာရှင်အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၉၇ ချက်ဖြင့် ဒုတိယဆုရရှိသည့်ဇော်ဇော်ထွန်း၊ စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် ပထမဆုရရှိသည့်ကျော်ကိုကိုချစ်တို့ကို လည်းကောင်း ဆုပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများက အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် အမျိုးသား အမျိုးသမီးပြိုင်ပွဲနှင့် သက်ကြီးတန်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ပြီး ဂေါက်သီးရိုက်အားကစားသမားစုစုပေါင်း ၁၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

# တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ



တာမွေ ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၁ ရက်တွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုခံယူနေသည့် မူးယစ်ဆေးဖြတ်သင်တန်းသားများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသစ်ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အဆိုပါ အသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားပြီး သင်္ဃန်းကျွန်းခရိုင် ဥပဒေရုံးမှ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးဝေဖြိုးနိုင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြင်ဆင်ထုတ်ပြန်သည့် မူးယစ်ဆေးဝါးဥပဒေနှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာတွင် အသစ်ထုတ်ပြန်ထားသော နည်းဥပဒေများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သင်္ဃန်းကျွန်းခရိုင်ဥပဒေရုံးမှ ဒုတိယခရိုင်ဥပဒေအရာရှိ ဦးဝေဖြိုးနိုင်က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး



ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရန်ကုန်တာယာစက်ရုံမှ အာမခံအလုပ်သမား လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရန်ကုန်တာယာစက်ရုံမှ အာမခံအလုပ်သမား ဦးသန့်ဇင်ဝင်းသည်လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၄၃၅၀၀၀၀ ကို ဦးလေးဖြစ်သူ ဦးကျော်ဆန်းသူထံသို့ အလုပ်ဌာနမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

☆ ကျောဖုံးမှ

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံကူးလက်မှတ်များအား ပုံမှန်လုပ်ငန်းစဉ်အတိုင်း စိစစ်ထုတ်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး (ရန်ကုန်)တွင် Online Booking တင်၍ QR စနစ်ဖြင့် ၂၇၀၀ နှုန်းဖြင့် လည်းကောင်း၊ နေပြည်တော်၊ မြစ်ကြီးနား၊ ဟားခါး၊ လွိုင်ကော်၊ မကွေး၊ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ တာချီလိတ်၊ ဘားအံ၊ မြဝတီ၊ မော်လမြိုင်၊ ထားဝယ်၊ ကော့သောင်း၊ ပုသိမ်၊ စစ်တွေ၊ ပဲခူး မြို့တို့ရှိ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးခွဲများတွင် သတ်မှတ်လူဦးရေအတိုင်းလည်းကောင်း ရုံးဖွင့်ရက်များတွင် နေ့စဉ်လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးနှင့်ပတ်သက်ပြီး ကောလာဟလသတင်းများထွက်ပေါ်နေ၍ နိုင်ငံကူးလက်မှတ်ရရှိရေးစိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းသိရှိရသဖြင့် အမှန်တကယ်သွားရောက်လိုသူများကို ယခင်ကသတ်မှတ်ထားသော လုပ်ငန်းစဉ်၊ ခွင့်ပြုအရေအတွက်များအတိုင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ကောလာဟလသတင်းများ ထုတ်ပြန်၍ ငွေကြေးအဆမတန်တောင်းခံသူများ၊ ကြားခံပွဲစားများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

**MT**

## ရှမ်းပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီစတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် တောမီးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးနှင့် တောမီးအန္တရာယ်ကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းအဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က ရှမ်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ဂေဟစနစ်များကောင်းမွန်အောင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မဖြစ်စေရေးကို အလေးထားဆောင်ရွက်နိုင်ရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းနိုင်ရန်၊ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက် များပြားနေခြင်းကို လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများ လျှော့ချနိုင်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီက ချမှတ်ထားသော လမ်းညွှန်ချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များ အပါအဝင် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာကို ထည့်သွင်းစဉ်းစား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အတွက် တက်ရောက်လာကြသော ဌာနဆိုင်ရာ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်ကိုက ကော်မတီနှင့် ဦးစီးဌာန၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်းနှင့် အစည်းအဝေး ဆုံးဖြတ်ချက်များ အတည်ပြုချမှတ်ခဲ့ကြကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများမှ ပထမနှစ်၊ ဒုတိယနှစ် စာမေးပွဲများ ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)များ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသော ပထမနှစ်သင်တန်းသား သင်တန်းသူ ၁၉၃ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိ လည်းကောင်း၊ ဒုတိယနှစ်သင်တန်းသား သင်တန်းသူ ၂၅၂ ဦးသည် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၆ ရက်နေ့အထိ လည်းကောင်း စုစုပေါင်းသင်တန်းသား သင်တန်းသူ ၄၄၅ ဦးတို့က သက်ဆိုင်ရာသက်မွေးပညာ သင်တန်းကျောင်းများ၌ အရည်အချင်းစစ်စာမေးပွဲများကို ဖြေဆိုလျက်ရှိသည်။

သင်တန်းပထမနှစ်တွင် Business Accounting (စာရင်းရေး၊ စာရင်းကိုင်ပညာ)၊ Fundamentals of ICT၊ သမဝါယမပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များ၊ ဒုတိယနှစ်တွင် Cost Accounting၊ Financial Accounting၊ Computerized Accounting၊ Business Organization and Management၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများကို ၂၀၂၂ ခုနှစ် ဇွန်လမှ စတင်၍ မကွေးမြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ မော်လမြိုင်မြို့၊ ပုသိမ်မြို့များတွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ Grade-10 (စနစ်သစ်) အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး စာရင်းကိုင်ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် ထူးချွန်သည့် သင်တန်းသားများကို စိစစ်ရွေးချယ်ပြီး သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)နှင့် သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)သို့ ပေါင်းကူး၍ ပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းသားများအတွက် စားသောက်စရိတ်၊ တူညီဝတ်စုံများနှင့် နေထိုင်ရေးအဆင်ပြေနိုင်စေရန် စီစဉ်ပေးခြင်း၊ သင်တန်းသားများအား လုပ်ငန်းခွင်၌ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန်အတွက် Internship Program များ ထည့်သွင်းရေးဆွဲပြီး သမဝါယမအသင်းများနှင့် စီးပွားရေးအဖွဲ့အစည်းများသို့ လက်တွေ့ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း၊ သင်တန်းပြီးဆုံးသည့်အခါ ဌာနမှ စီးပွားရေး အဖွဲ့အစည်းများနှင့် သမဝါယမအသင်းများ၊ ဘဏ်များကို ဖိတ်ခေါ်၍ မိတ်ဆက်ပွဲ အခမ်းအနားများ ပြုလုပ်ကာ ချိတ်ဆက်ဆောင်ရွက်ခြင်းများ လုပ်ဆောင် ပေးလျက်ရှိပြီး သင်တန်းကာလနှစ်နှစ် အောင်မြင်ပြီးဆုံးပါက Certificate in Business Accounting ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၈၅ | ၂၉၃၅ | ၂၉၃၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၅၅ | ၂၉၄၀ | ၂၉၂၀ | ၃၀၁၅ | ၃၀၃၅ | ၂၉၂၅ | ၂၉၄၀ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၅ | ၃၂၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၀ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၈၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၁၅ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၀ | ၂၆၉၅ | ၂၆၉၅ | ၂၆၉၅ | ၂၉၂၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၂၀ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၆၇၀ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၅ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၀ | ၂၆၇၀ | ၂၇၀၅ | ၂၇၀၅ | ၂၇၃၀ | ၂၉၄၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၅၆ | ၂၈၄၄ |
| HSD (500 ppm) | ၂၄၄၄ | ၂၅၂၂ |
| HSD (50 ppm) | ၂၄၈၇ | ၂၅၆၆ |
| HSD (10 ppm) | ၂၄၉၉ | ၂၅၇၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ **လူတန်တောင်းအသင်းမှ**

လီဗာပူးအသင်းအတွက် စတုတ္ထမြောက်သွင်းဂိုးသွင်းယူပေးခဲ့တဲ့ အီလီယော့ဟာ လီဗာပူးအသင်းအတွက် ပွဲစဉ် ၁၀၀ မြောက် ပါဝင်ကစားခဲ့ခြင်းလည်း ဖြစ်ပါတယ်။

လူတန်တောင်းအသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ လူးဝစ်ဒိုင်ယက်ဇ်ဟာ အခုဘောလုံးရာသီမှာ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်သွင်းဂိုး ခြောက်ဂိုးမြောက် ရှိခဲ့ပြီဖြစ်ပါတယ်။

**အမှတ်ပေးဇယားအဆင့် ၁၈ နေရာမှာ ရပ်တည်**

လီဗာပူးအသင်းဟာ လူတန်တောင်းအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပေမယ့် လူတန်တောင်းအသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ပွဲ ၂၅ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယားအဆင့် ၁၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီးအသင်းကို လေးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ဖလားချန်ပီယံဖြစ်လာမယ့် အခွင့်အရေးနဲ့နီးစပ်လာခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှာ အီးအက်ဖ်အယ်လ်ဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်လို့ အီးအက်ဖ်အယ်လ်ဖလားချန်ပီယံဖြစ်လာဖို့လည်း အခွင့်အရေးတစ်ရပ် ရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်**

**အားကစားမြင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၂၂

ပဲခူးမြို့ရှိရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**ဖွင့်လှစ်**

ဦးစွာ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကျိုက်ပညာယျစေတီတော်မြတ်ကြီး ရွှေထီးတော် တင်လှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ မဟာထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက သံဃာတော်များထံ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းပြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှအတမ်းပေးဝေကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်အား ဒေဝါဝင်း ရာဇာဝင်း ချန်ရံလျက် အလယ်ပစ္စယံ၌ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် ရွှေထီးတော်ဘုံအဆင့်များပင့်ဆောင်ခြင်းနှင့် တင်လှူပူဇော်ခြင်း အခမ်းအနားအား ကျင်းပရာ ကြွရောက်လာသည့် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်အား မင်္ဂလာရထားပျံရှိရာသို့ ဒေဝါဝင်းချန်ရံ၍ ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

**တင်လှူပူဇော်**

ထို့နောက် မင်္ဂလာအချိန်၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ အလှူရှင်များက ရွှေထီးတော်ပထမဘုံအဆင့်အား မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ကြွရောက်လာသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ကြည့်ရှုအားပေးကြကာ ကျန်ရှိသည့် ရွှေထီးတော်ဘုံအဆင့်ဆင့်အား ထီးတော်တင်အဖွဲ့တာဝန်ရှိသူများက အောင်မြင်စွာတင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့၌ (၉၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့၌ (၉၂)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲကို ယမန်နေ့ညနေပိုင်းတွင် မြို့တွင်းလမ်းတစ်လျှောက် သတ်မှတ်ထားသည့် လမ်းများအတိုင်း လှည့်လည်ပူဇော်ခဲ့သည်။

လှည့်လည်ပူဇော်ပွဲကို မော်လမြိုင်မြို့တွင်း၌ ကျောက်တန်းရပ်ကွက်မှ အောက်လမ်းမကြီးတစ်လျှောက် ဘိုကုန်းရပ်ကွက် သံလွင်ဟိုတယ်အထိ ပထမရက်အဖြစ် လည်းကောင်း၊ ငန်းတေးရပ်ကွက်မှ မြိုင်သာယာရပ်ကွက်လမ်းအတိုင်း ဈေးကြိုအဝိုင်းအထိ ဒုတိယရက်အဖြစ်လည်းကောင်း၊ ဇေယျာသီရိရပ်ကွက် လမ်းမကြီးမှ ဒေါ်လန်းရပ်အထိ တတိယရက်အဖြစ် လည်းကောင်း၊ သာသနာ့ဗိမာန်တော်ကြီးမှ ကျိုက်သုတ်ဘုရားအထိ စတုတ္ထရက်အဖြစ် လည်းကောင်း လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ကျိုက္ကစံစေတီတော်မြတ်ကြီး (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံ စေတီတော်မြတ်ကြီး၏ (၁၂၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။



ဦးစွာ သမိုင်းဝင်ကျိုက္ကစံ စေတီတော်မြတ်ကြီး၏ (၁၂၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကာ တာဝန်ရှိသူများက ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခဲ့ကြသည်။

ထို့နောက် သဃ်န်းကျွန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားပြီး ကျိုက္ကစံစေတီတော် ဂေါပကအဖွဲ့ သဘာပတိ ဦးစန်းလွင်က ကျိုက္ကစံဆံတော်ရှင်၏ သမိုင်းကြောင်း၊ ဘာသာရေးသမိုင်းကြောင်းကို ပြောကြားခဲ့သည်။

ထိုအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သိန်းအောင်**

# ဘာသာဝင်အချင်းချင်း ခင်မင်ရင်းနှီးပြီး ချစ်ကြည်ညီညွတ်စွာ အပြန်အလှန်လေးစား၍ အေးချမ်းစွာနေထိုင်ရေးအတွက် မိတ်ဆုံညစာစားပွဲကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံမိတ်ဆုံစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ပုသိမ်မြို့ ဟိုစိန်တရုတ်ဘုံရုံခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က မိတ်ဆုံစားပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၌ ဖေဖော်ဝါရီ ၄ ရက်က ရန်ကုန်မြို့ PATHARDA Hotel ၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ပထမလေးလပတ် အစည်းအဝေးဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးဘာသာပေါင်းစုံအဖွဲ့နာယက ဦးစိုင်း(ခ)ဦးတင်ထွန်း၊ ခရစ်ယာန်အဖွဲ့ကိုယ်စားလှယ် ဦးအောင်မြင့်ခိုင်၊ အစ္စလာမ်ဘာသာအဖွဲ့ကိုယ်စားလှယ် တိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နိုင်၊ ဟိန္ဒူဘာသာအဖွဲ့ကိုယ်စားလှယ် တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌ ဦးလှရွှေတို့က ကိုးကွယ်သည့်ဘာသာအလိုက် ကောင်းမွန်သောအတွေးအခေါ်ဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဘာသာတစ်ခုချင်းအလိုက် လိုအပ်ချက်များကို ပေါင်းစည်းဖြေရှင်း၍ ညီညွတ်စွာဆောင်ရွက်သွားကြရေးတို့ကို ပြောကြားခဲ့ကြသည်။

ယင်းနောက် မိတ်ဆုံညစာစားပွဲကို ကျင်းပခဲ့ပြီး မိတ်ဆုံစားပွဲအခမ်းအနားတွင် ခရစ်ယာန်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များအဖွဲ့က တယောပညာဖြင့် တီးခတ်ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



# ကလောမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်

ကလော ဖေဖော်ဝါရီ ၂၂

ကလောမြို့နယ်စည်ပင်သာယာရေးဌာနပိုင် ကလောမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်သည့်အနေဖြင့်



မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းအား ဖေဖော်ဝါရီ ၂၀ ရက်ညနေ ၄ နာရီတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဌာနဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးအကျိုးတော်ဆောင်ကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနမှ မီးလောင်မှုဖြစ်ပွားနိုင်သည်များအား ရှင်းလင်းပြောကြား၍ မီးလောင်မှုဖြစ်ပွားရာတွင် အရေးပေါ်အခြေအနေတွင် ရှိသည့်ပစ္စည်းဖြင့် အလွယ်တကူ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ အောက်ဆီဂျင်ဖြတ်တောက်သည့်နည်းဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းများအား လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# (၃၀)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၂၂

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်၊ (၃၀)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ(ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့နံနက်ပိုင်းပွဲစဉ်အဖြစ် (ခ)အဆင့်ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

ပျဉ်းမနား ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ဦးမင်းဒင်ကျေးရွာ ဦးမင်းဒင်ဓမ္မာရုံ၌ ကျင်းပရာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းရင်းများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ပတ်သက်၍ သိကောင်းစရာများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာနေပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ **မျိုးသီဟ(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျိုက်မရော ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာအသိပညာပေး လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက မြို့မဈေးကြီးနှင့် လူစည်ကားရာနေရာများ၊ ဆိုင်ကယ် Taxi ဂိတ်များတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်း ဥပဒေရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ စိုးရိမ်ရန်မလို၊ ပြည်သူ့စစ်မှုထမ်းခြင်းဥပဒေ အစရှိသည်တို့ပါဝင်ကြောင်း သိရသည်။

လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနော်ခမ်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးရောင်း ဈေးဝယ်ပြည်သူများ၊ ခရီးသွားပြည်သူများ လက်ဝယ်အရောက် လက်ကမ်းစာစောင် ၄၅၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကျင်းပ

ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရွှေကြာပင်ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ဒုတိယရဲမှူးဝင်းနိုင်ဦး၊ ဇမ္ဗူသီရိမြို့နယ်ဥပဒေရုံးမှ ဥပဒေအရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် တာဝန်ရှိသူများက အင်တာနက်ပေါ်တွင် ပျံ့နှံ့နေသော သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ သိရှိနိုင်စေရန် အသိပညာပေးဟောပြောခြင်း၊ သတင်းမှားများ၊ ကောလာဟလများ မယုံကြည်ကြစေရန်၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**



# မုဒုံမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေ

မုဒုံ ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ သတင်းစကားလက်ကမ်းစာစောင်များကို ယနေ့နံနက် ၇ နာရီခွဲက ရွှေဟင်္သာဈေးရှေ့၌ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ပြည်သူများထံ ဖြန့်ဝေသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ပြည်သူ့စစ်မှုထမ်း၏ ရည်ရွယ်ချက်၊ အမျိုးသားရေးတာဝန်၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရခြင်း၏ အချက်များ၊ ဆင့်ခေါ်ရေးလုပ်ငန်းစဉ် ခံစားခွင့်များ၊ ကင်းလွတ်ခွင့်နှင့် ကာလရွှေ့ဆိုင်းမှုဆိုင်ရာ စစ်ဆေးချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်နှင့် တာဝန်ထမ်းဆောင်ရန်ကာလ၊ ဥပဒေပါအခိပ္ပာယ်ဖော်ပြချက်၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းမှ ကောက်နုတ်ချက် စသည့် ပြည်သူ့စစ်မှုထမ်းခြင်းဆိုင်ရာများနှင့်ပတ်သက်သော ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများ ပါဝင်ကာ ပြည်သူများထံ အစောင်ရေ ၁၅၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**





# မော်လမြိုင်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မော်လမြိုင် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မော်လမြိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မောင်ငံဈေး၊ သံလွင်ဈေး၊ အမှတ်(၁)ဈေးကြီး မြိုင်ရတနာလေးထပ်ဈေးနှင့် လမ်းသွားလမ်းလာ ပြည်သူတို့အား ယနေ့နံနက်ပိုင်းက “ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာ” အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကမ္ဘောဇကျောင်းလမ်း၊ ဆ/၄၀ တွင်နေထိုင်သော ဒေါ်ခိုင်ဖူးဝေ (၁၂/အစန(နိုင်)၂၃၉၃၀၄)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်။

Accessories Corner

**စာချုပ်အမှတ် – ၁၁၂၂/၂၀၂၄ (နေ့စွဲ-၆-၂-၂၀၂၄)**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် မိန်းကလေးအသုံးဆောင်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ခြင်း၊ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ရောင်းချခြင်း၊ Onlineမှတဆင့်ရောင်းချခြင်းများအပြင် ယင်းအသုံးဆောင်ပစ္စည်းများကို ထည့်သွင်းထုတ်ပိုးပေးမည့် ပလတ်စတစ်အိတ်များ၊ လက်ဆွဲအိတ်များ၊ ပါကင်ထုတ်များ၊ ဘူးခွံများအပေါ်တွင် ယင်းအမှတ်တံဆိပ်ကို ဖိနှိပ်/ကပ်နှိပ်/ရိုက်နှိပ်၍ လုပ်ငန်းဆောင်ရွက်ခြင်း၊ ဘဏ်စာရင်းဖွင့်၍ ငွေသွင်းငွေထုတ်ပြုလုပ်ခြင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ Led ဆလိုက်ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်ကြော်ငြာ၊ Social Media ကြော်ငြာ၊ တံဆိပ်တုံး ငွေပြေစာဖြတ်ပိုင်း အစရှိသည်တို့အပေါ်တွင်လည်း ဖော်ပြပါတံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်စားအမျိုးမျိုး ရိုက်နှိပ်၍ ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တဝှမ်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ "ARIA (Accessories Corner)" တံဆိပ်အမှတ်သား ပိုင်ရှင် ဒေါ်ခိုင်ဖူးဝေ၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မှတ်ပုံတင်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုင်ငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တနည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ် လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသားအမည်တို့ကိုဖျက်သိမ်း ပျက်ပြယ်သွားသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**ဒေါ်ခိုင်ဖူးဝေ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးဇေယျာလင်းထွန်း(LL.B,LL.M)** | **ဒေါ်နန်းချိုချိုခိုင်(LL.B, LL.M)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၅၉၇၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၃၉၅၉)** |

**အမှတ်–၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉၆၆၂၀၈၇၄၆၈ ၊ ၀၉၇၉၉၂၃၁၄၄၇**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးပြုံးချို [၁၂/ကမတ(နိုင်)၀၁၀၆၅၅]နှင့် ဒေါ်မိုးမိုး [၁၂/ကမတ(နိုင်)၀၁၀၆၅၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ ကောင်းဆက်ဟန်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအ၀၀ကို လုံး၀တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရဝင်း [B.A, B.Sc(Hons), DBL(Credit), PGDL, LLB(Q), LLM (1st year)(Commercial Law), (WIPO) (Switzerland]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၅၆၄)**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊**
**၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၄၂၁၀၁၈၄၆၅၊ ၀၉–၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၂၀၀–ခ)ဟုခေါ်တွင်သော အိမ်အမှတ်(၂၀၀–ခ)၊ (၁)ရပ်ကွက်၊ အနော်မာအရှေ့(၅)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်ညွှန့်ရင်(ဘ)ဦးမြဖေ(CF.၀၃၃၈၁၂) [၁၂/သကတ(နိုင်)၀၄၈၇၂၈] အမည်ပေါက်(၂၀x၆၀)ပေ၊ ဧရိယာ(၀.၀၂၇)ဧက၊ စတုရန်းပေ(၁၂၀၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ထပ်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ခွင့်ရှိသူ ဒေါ်ဇင်မာနွယ်(ဘ) ဦးသန်းမောင်[၁၂/သကတ(နိုင်)၁၁၈၄၃၆]မှ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်–၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၅၀၃၂၃၁၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## တင်ဒါကြော်ငြာစာ

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၌ ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းတွင် (၂၀၂၃–၂၀၂၄) ဘဏ္ဍာရေးနှစ်အတွင်း ဖိုင်ဘာအင်တာနက်လိုင်းနှင့် ဖုန်းလိုင်းများသွယ်တန်းရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များရောင်းချခြင်း၊ တင်ဒါတင်သွင်းလွှာလက်ခံခြင်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါရောင်းချမည့်ရက် | –(၂၀–၂–၂၀၂၄)ရက်နေ့ |
| တင်ဒါပိတ်မည့်ရက် | –(၄–၃–၂၀၂၄)ရက်နေ့ |
| | မွန်းတည့် (၁၂:၀၀)နာရီ |

၃။ တင်ဒါကျင်းပမည့်နေ့ရက်နှင့် နေရာအား တင်သွင်းသူများထံ ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပြီး တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၀၆၇–၄၃၁၀၈၅) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဘီးလင်းမြို့နယ်၊ ဘိုးရာဇာရပ်ကွက်၊ အနောက်မဟာဘောဂလမ်း၊ ဘိုးရာဇာကျေးရွာ၊ ကွင်းအမှတ်–၅၊ ကွင်းအမည် ခြောက်စို့မြောက်အကွက်၊ ဦးပိုင်အမှတ်–၂၄က၊ ဧရိယာ(၀.၀၉၄) ဧကအနက်မှ အရှေ့ဘက် ဦးမင်းသိန်း၏ အိမ်နှင့် ခြံမြေ၊ အနောက်ဘက် ဦးသိန်းထွဋ်အောင် အိမ်နှင့်ခြံမြေ၊ တောင်ဘက် ဦးကြူးစိန် အိမ်နှင့်ခြံမြေ၊ မြောက်ဘက်မဟာဘောဂလမ်း အနားလေးရပ်အတွင်းရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်တည်လျက်ရှိသော သွပ်မိုး၊ ထရံကာ တစ်ထပ်အိမ်တစ်လုံးအပါအ၀င် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးစောအုန်းဖေနှင့် ဒေါ်အိတို့က ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ကွယ်လွန်သွားပြီးနောက် သားသမီးများဖြစ်သော ဦးကျော်တင့်၊ ဒေါ်မြင့်မြင့်အေး(ကွယ်လွန်)၊ ဦးအေးစံ(ကွယ်လွန်)၊ ဦးချိုအေး(ကွယ်လွန်) (၎င်း၏အမွေဆက်ခံခွင့်ရှိသူ ဒေါ်မြင့်မြင့်ကြည်)တို့က အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိထားသော အိမ်နှင့်ခြံ မြေကွက်ဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးကျော်တင့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သွယ်အိစံ)မှ အထက်ပါအိမ်ခြံမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးစိုးမင်းဇော် ကို အပြီးအပိုင်လွှဲပြောင်းရောင်းချနိုင်ရန်အတွက် ဦးစိုးမင်းဇော် ထံမှ ကျွန်ုပ်အမှုသည်မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို လက်ခံရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇာဏီမြင့်ဆွေ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၀၆)**
**အမှတ်(၂၀၂)၊ ကျောင်းကုန်းအောက်လမ်း၊ လိပ်အင်းရပ်ကွက်၊ သထုံမြို့။**

## Wadi Light Power Yoga School (Yangon) နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

